တပေါ်စ တော်ံ မင်္ဂလ မုတ္တမံ၊ မြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၉၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဟာသုခဆုတောင်းပြည့်စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့ ဘန်ဒါဘန်မြို့နှင့် ကော့ဇ်ဘဇားမြို့များသို့လှည့်လည် ဗောဓိပင်စိုက်ပျိုး၊ ရေကန်ကျောင်းအုတ်မြစ်စီ၊ မဟာသုခဆုတောင်းပြည့်စေတီဖူးမြော်၊ အလှူငွေများပေးအပ်

ရန်ကုန် ဧပြီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. M Morshed Khan နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၅ ရက် နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့မှတစ်ဆင့် စစ်တကောင်းမြို့သို့ ဆက်လက်ထွက်ခွာရန် ဇီယာအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက လေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၄ ■

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွာတော်မြို့(ဘန်ဒါဘန်မြို့) တံတားကြီးရွာ မင်္ဂလာမဏ္ဍပ်ဦးကျောင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင် စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်း ရေကန်ကျောင်းအုတ်မြစ်စီ အခမ်းအနားတွင် မဟာဗောဓိပင်ကို စိုက်ပျိုးပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းပူဇော်ပေးစဉ်။(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဧပြီလ ၈ ရက်)

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ယဉ်ကျေးသိမ်မွေ့စွာပါဝင်နွှဲပျော်

မြန်မာ့ရိုးရာအစဉ်အလာ ကျင်းပမြဲဖြစ်သည့် ၁၂လရာသီပွဲတော်များအနက် နှစ်ဦးတန်ခူးလ၌ကျင်းပသော သင်္ကြန်ပွဲတော်သည် အစည်ကားဆုံး၊ ပျော်ရွှင်ဖွယ်အကောင်းဆုံးနှင့် ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲသည့် ရိုးရာယဉ်ကျေးမှု ပွဲတော်ကြီးဖြစ်သည်။

သင်္ကြန်ဟူသည် သက္ကတဘာသာ သင်္ကြန္တ ပါဠိဘာသာ သင်္ကန္တမှ ဆင်းသက်လာပြီး ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ ဟေမန္တ ဆောင်းရာသီမှ ဂိမ္ဟန္တ နွေရာသီသို့လည်းကောင်း၊ နှစ်ဟောင်းမှ နှစ်သစ်သို့လည်းကောင်း ကူးပြောင်းစ ပထမဆုံးရောက်ရှိသည့် တန်ခူးလတွင် နှစ်ဟောင်းမှမကောင်းသော အကုသိုလ် အညစ်အကြေးများ နှစ်သစ်သို့ ပါမလာစေရန် သန့်ရှင်းကြည်လင်အေးမြသောရေဖြင့် ဆေးကြောသန့်စင်ခြင်းကို ရှေးမြန်မာမင်းများလက်ထက်ကပင် ကျင်းပခဲ့ခြင်းဖြစ်သည်။

သင်္ကြန်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်အဖြစ် နှစ်ပေါင်းများစွာ တိုင်ခဲ့ပြီဖြစ်သည်။

ရှေးအခါက ကပိလဝတ်ပြည် သာကီဝင်မင်းများလက်ထက်၌ တန်ခူးလသင်္ကြန်အခါတွင် နန်းတော်ပတ်ဝန်းကျင်တွင် သာယာလှပသောရေကန်များတူး၍ ရေပက်ဖျန်းကစားခဲ့ကြကြောင်း သိရသည်။

ပုဂံပြည့်ရှင် နရသီဟပတေ့မင်းလက်ထက်က ပုဂံနန်းတော်မှမြစ်ဆိပ်အထိ တဲနန်းများဆောက်လုပ်ကာ ရေကစားခဲ့ကြောင်း သမိုင်းမှတ်တမ်းများတွင် အထင်အရှားတွေ့ရသည်။

ရှေးမြန်မာမင်းများလက်ထက်မှစ၍ ခေတ်အဆက်ဆက်မပျက်မကွက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်လည်း ဖြစ်သည်။

သင်္ကြန်တော်အခါသည် နွေဦးကာလဖြစ်သည်။ နွေသည်ပူပြင်းခြောက်သွေ့သော ကာလဖြစ်ပြီး သစ်ပင်သစ်တောများ အရွက်ကြွေကာ အရိပ်မဲ့ချိန်ဖြစ်သည်။ အပူရှိန်ပြင်းထန်သဖြင့် သက်ရှိသက်မဲ့တိုင်း ရေကိုတမ်းတနေချိန် ဖြစ်သည်။

ထိုသို့ ရေကိုတမ်းတနေချိန်တွင် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည့်အဓိပ္ပာယ်ဆောင်သော မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကျင်းပကာ နှစ်ဟောင်းတွင် မတော်တဆပြုခဲ့မိကြသည့် အမှားအယွင်းများ၊ မကောင်းမှုများကို ကြည်လင်အေးမြသည့်ရေနှင့် တစ်ဦးကိုတစ်ဦး ကြည်နူးသိမ်မွေ့စွာ ပက်ဖျန်းကြပြီး တစ်ဦးအပြစ်ကို တစ်ဦးကခွင့်လွှတ်ကြသည့် အလွန်ချစ်စဖွယ်ကောင်းသော ယဉ်ကျေးမှုပွဲတော်ကို ကျင်းပခြင်းဖြစ်သည်။

ပူဇာစ ပူဇနေယျာနံ–ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာမည်၏ဟူသောစကားနှင့်အညီ သင်္ကြန်ကာလများတွင် သက်ကြီးရွယ်အို အဘိုးအဘွားများ၊ အနန္တဂိုဏ်းဝင် မိဘဆရာသမားများကို ပူဇော်ကန်တော့ခြင်း၊ တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းများ လှီးဖြတ်ပေးခြင်း၊ အမွှေးနံ့သာရည်တို့ဖြင့် ရေချိုးသန့်စင် ဒါနပြုခြင်း၊ တိရစ္ဆာန်များအား ကြင်နာသနားစွာ ဘေးမဲ့လွှတ်ခြင်း၊ ဘုရား၊ စေတီ၊ ပုထိုး၊တန်ဆောင်း၊ ကျောင်း၊ ကန်၊ ဇရပ်များသို့ သွားရောက်၍ ဥပုသ်သီတင်း သီလဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်း၊ သန့်ရှင်းရေး ပြုလုပ်ခြင်းစသည့် ကုသိုလ်ကောင်းမှုများ ဆောင်ရွက်ကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သံဃာတော်အရှင်သူမြတ်များက ရပ်ကွက်များ၊ လမ်းများအလိုက် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီး ရေစက်သွန်းချ အမျှပေးဝေခြင်းစသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်မှာ နိုင်ငံတစ်ဝန်းလုံး ဘေးရန်ကင်းကွာပြီး အေးချမ်းမှုကိုဖြစ်စေသည်။

ထိုကဲ့သို့ အလွန်ယဉ်ကျေးသိမ်မွေ့သည့် မဟာသင်္ကြန်ပွဲတော်မျိုးသည် ကမ္ဘာပေါ်တွင် မြန်မာတစ်နိုင်ငံတည်းသာ ရှိပေသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစိတ်ဓာတ် ပေါ်လွင်နိုင်စေရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်နိုင်စေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် အရာရှိအဆင့် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အရာရှိအဆင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၆ရက် နံနက် ၉နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဌာနကြီးမှူးများ၊ သင်တန်းဆရာဆရာမများ တက်ရောက်ကြ၍ သင်တန်းသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာထမ်း ၂၈ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အားပူဇော်မည်

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သေကပဏ္ဍိတအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁/၂၀၀၄ဖြင့် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဒေါပုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် တပည့်ဒါယကာ ဒါယိကာမများက ဧပြီ ၁၁ရက်တွင် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပပူဇော်မည် ဖြစ်ကြောင်း သိရသည်။

(က–ပ)

ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရ ဝန်ထမ်းများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၇

နိုင်ငံတော်မှချီးမြှင့်သော ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပွဲကို ဧပြီ ၅ ရက်က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရုံးချုပ်သင်တန်းခန်းမတွင် ပြုလုပ်သည်။

မြန်မာ့အသေးစားချေးငွေလုပ်ငန်း(ရုံးချုပ်)၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းများမှ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ဝန်ထမ်း ၅၁ဦးတို့အား ဂုဏ်ပြုချီးမြှင့်ငွေများကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းညွှန့်က ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

(၂၅၉)

(၁၁)ကြိမ်မြောက် ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ

ရန်ကုန် ဧပြီ ၇

နတ်မောက်ကျောင်း ပရိယတ္တိစာသင်တိုက်နှင့် အမှတ်(၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ ဦးစီးပဓာန နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလမှ ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၁)ကြိမ်မြောက် ရှင်၁၀၈ပါးနှင့် ရဟန်းခံ အလှူတော် မင်္ဂလာကို ဧပြီ ၉ရက်နှင့် ၁၀ ရက်တို့တွင် အဆိုပါကျောင်းတိုက်တည်ရှိရာ ရန်ကုန်တိုင်း သာကေတမြို့နယ် ရွှေခင်းသာလမ်းမကြီး (သာကေတမြို့နယ်၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောဆိပ်ကမ်းအနီး)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူ ရပ်နီး၊ ရပ်ဝေးရှိ ဒါယကာ၊ ဒါယိကာမများနှင့် စေတနာရှင်ပြည်သူများသည် ကျောင်းတိုက်ဖုန်း–၀၁–၅၅၉၁၂၇သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

မတ် ၃၀ရက်က လသာမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ် ချီးမြှင့်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးအုန်းမြင့်က မောင်ကောင်းသူရမျိုးအား မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်စဉ်။ (က–ပ)

ချီးကျူးဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အပ်နှင်းခဲ့သည့် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့နှင့် သီလက္ခန်အဋ္ဌကထာပါဠိ မြန်မာပြန်စာအုပ် ရေးသားပြုစုခဲ့သည့်အတွက် ဂျပန်နိုင်ငံ သာသနာပြုဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လ၏ ဗုဒ္ဓစာပေဆုတို့ကို အပ်နှင်းချီးမြှင့်ခံရသည့် ဆရာကြီး ဓမ္မာစရိယ ဦးမောင်မောင်လေး(အကြံပေးပညာရှင်၊ သာသနာရေးဝန်ကြီးဌာန)အား ချီးကျူးဂုဏ်ပြုပွဲကို သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် မဟာစည်သြဝါဒခံ မဇ္ဈိမဂုဏ်ရည်ကျောင်းတိုက်၌ ဧပြီ ၄ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော် ဘဒ္ဒန္တမာနိတ၊ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တ ဣန္ဒက၊ လောကဥဿျောင် ဆရာတော် ဘဒ္ဒန္တ သုမနစာရ၊ မဇ္ဈိမဂုဏ်ရည် ဆရာတော် ဘဒ္ဒန္တ ဒေါက်တာကောဝိဒ (Ph.d)နှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

(က–ပ)

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ရွှေပြည်သာ တံတားအနီးရှိ ငွေပင်လယ် ရေလုပ်ငန်း စက်မှုဇုန်ဖွင့်ပွဲ အခမ်းအနားတွင် ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတကာတွင် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် စက်မှုဇုန်များထူထောင်နေ နိုင်ငံတော်စက်မှုကဏ္ဍဖွံ့ဖြိုးရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအားကူညီအားပေးလျက်ရှိ ခေတ်မီစက်မှုဇုန်တစ်ခုဖြစ်ရေးစီမံကိန်း၊ စီမံချက်ပါအတိုင်း စနစ်တကျထူထောင်

ရန်ကုန် ဧပြီ ၇

ငွေပင်လယ် ရေလုပ်ငန်းစက်မှုဇုန်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ရွှေပြည်သာတံတားအနီးရှိ ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန် အဝင်မုခ်ဦးရှေ့၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ရွှေပြည်သာတံတားအနီးရှိ ငွေပင်လယ် ရေလုပ်ငန်းစက်မှုဇုန်အတွင်းရှိ ငွေပင်လယ် ငါးပေါင်းမှုန့်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအဖွဲ့ဝင်များတက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ဖွင့်ပွဲအခမ်းအနားအစီအစဉ်ကို ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်အဝင်မုခ်ဦးရှေ့၌ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်အဝင်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။ ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန် ဖွင့်ပွဲအောင်မြင်မှု အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ငွေပင်လယ်စက်မှုဇုန်စီမံကိန်းဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတကာတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များထူထောင်လျက်ရှိကြကြောင်း။

မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များ ထူထောင်ပေးပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို အားပေးကူညီစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်သည့် ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်တွင်လည်း အခြေခံလိုအပ်ချက်များ ပြည့်ပြည့်စုံစုံထည့်သွင်း တည်ဆောက်ထားသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ ရေထွက်သယံဇာတပစ္စည်းများကို အကျိုးရှိရှိ ထိုက်ထိုက်တန်တန် ထုတ်လုပ်အသုံးချနိုင်ရေးအတွက် များစွာအထောက်အကူဖြစ်စေမှာဖြစ်၍ ခေတ်မီစက်မှုဇုန်အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံသည့် ခေတ်မီစက်မှုဇုန်တစ်ခုဖြစ်အောင် စီမံကိန်း၊ စီမံချက်ပါအတိုင်းစနစ်တကျ ထူထောင်သွားရန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား နိုင်ငံတော်

စာမျက်နှာ ၁၁ ကော်လံ ၃သို့

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ရွှေပြည်သာတံတားအနီးရှိ ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန်အတွင်း တည်ဆောက်နေသော ငွေပင်လယ် ငါးပေါင်းမှုန့်စက်ရုံကို တွေ့ရစဉ်။

(သတင်းစဉ်)

ဧပြီ ၆ ရက်က ဖော်လူဂျာမြို့တွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ အပြန်အလှန်တိုက်ခိုက်မှုဖြစ်ပွားရာ အီရတ်တိုက်ခိုက်ရေးသမားများ ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သဖြင့် ဆေးကုသပေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာ၌ မရိန်းတပ်ဖွဲ့ဝင်များနှင့်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွား မရိန်းတပ်ဖွဲ့ဝင်ငါးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရ

ဖော်လူဂျာ ဧပြီ ၇

အီရတ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားရာ မြို့တစ်မြို့ဖြစ်သော ဖော်လူဂျာမြို့စွန်တွင် မရိန်းတပ်ဖွဲ့ဝင်များနှင့် အီရတ်တပ်ဖွဲ့ဝင် ရာပေါင်းများစွာက ဝိုင်းထားလျက်ရှိပြီး အင်္ဂါနေ့က အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။

အဆိုပါတိုက်ပွဲအတွင်း မရိန်းတပ်ဖွဲ့ဝင်ငါးဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရခဲ့သည်ဟု သိရသည်။ ဖော်လူဂျာမြို့ဝန်းကျင်၌ မရိန်းတပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးပြောက်ကျားများ တိုက်ပွဲဖြစ်ပွားခြင်းနှင့်အတူ တနင်္လာနေ့နှင့် အင်္ဂါနေ့၌ အီရတ်မြောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်။

သေဆုံး

အမေရိကန်စစ်ဘက်ဆိုင်ရာက မရိန်းတပ်ဖွဲ့ဝင် ငါးဦးသေဆုံးမှုကို အသေးစိတ်ပြောကြားခြင်းမရှိဘဲ ဖော်လူဂျာမြို့တည်ရှိရာ အန်ဘာပြည်နယ်၌ သေဆုံးခြင်းဖြစ်ကြောင်းသာ ပြောကြားသည်။ မျက်မြင်တွေ့ရှိသူများက အင်္ဂါနေ့၌ ဖြစ်ပွားသော တိုက်ပွဲတွင် အခြားအမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသော်လည်း အဆိုပါသတင်းကို ချက်ချင်းအတည်ပြုခဲ့ခြင်း မရှိပေ။

တိုက်ဆိုင်

ဘဂ္ဂဒက်အနောက်ဘက်ရှိ ဖော်လူဂျာကို တိုက်ခိုက်ခဲ့သော တိုက်ပွဲသည် အမေရိကန်ဆန့်ကျင်ရေး အီရတ်ခေါင်းဆောင် ဆာဒါအပေါ် အမေရိကန်ပြည်ထောင်စုက သဘောထားတင်းမာစွာ ဆက်ဆံမှုနှင့် တိုက်ဆိုင်ခဲ့သည်။

တိုက်ပွဲဖြစ်

အယ်လ်ဆာဒါ၏ တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်တွင် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် တနင်္ဂနွေနေ့က တိုက်ပွဲဖြစ်ပွားခဲ့သည့်ပြင် တောင်ဘက် ဘာနာဂျက်ဖ်မြို့ပြင်၌ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်ရှစ်ဦး အပါအဝင် ၆၁ ဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**

အီရတ်၌ ကန်ထရိုက်လေးဦး အသတ်ခံရပြီးနောက် ဘုရှ်အပေါ် ကန်ပြည်သူများ ထောက်ခံမှုလျော့ကျ

ဝါရှင်တန် ဧပြီ ၆

အီရတ်စစ်ပွဲကို သမ္မတဂျော့ဒဗလျူဘုရှ် ကိုင်တွယ်ဆောင်ရွက်ပုံအား ထောက်ခံခဲ့သည့် အမေရိကန်နိုင်ငံသားများအတွင်း လွန်ခဲ့သည့်အပတ်က အမေရိကန် ကန်ထရိုက်လေးဦး အသတ်ခံရပြီးနောက်ပိုင်း ရာခိုင်နှုန်း ၄၀ ထိ လျော့ကျသွားခဲ့သည်။

ဧပြီ ၁ ရက်မှ ၄ ရက်ထိ အရွယ်ရောက်သူ ၇၉၀ ကို စူးစမ်းလေ့လာကြည့်ရာ၌ အီရတ်အခြေအနေကို ဘုရှ် ကိုင်တွယ်မှုတွင် ယုံကြည်သူအရေအတွက်သည် ဇန်နဝါရီလလယ်ကစပြီး ၁၉ မှတ် ကျဆင်းသွားသည်ကို ပြသခဲ့သည်။ သုတေသနပြုသူများသည် ၂၀၀၂ ခုနှစ် အောက်တိုဘာလ၌ စတင်၍ စူးစမ်းလေ့လာကြည့်ခဲ့ရာတွင် ယခုတွေ့ရှိချက်သည် အနိမ့်ဆုံးအမှတ်ဖြစ်သည်။

ယခု လူထုသဘောထားကောက်ယူမှုသည် လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့၌ အမေရိကန် ကန်ထရိုက်လေးဦး ဖော်လူဂျာတွင် ရက်စက်စွာအသတ်ခံခဲ့ရပြီးနောက် ဖြစ်သည်။ အီရတ်နှင့်ပတ်သက်၍ ဘုရှ်၌ တိကျရှင်းလင်းသော အစီအစဉ်ရှိကြောင်း ၃၂ ရာခိုင်နှုန်းကသာ ထင်မှတ်ခဲ့ကြသော်လည်း ၅၇ ရာခိုင်နှုန်းက သဘောမတူခဲ့ပေ။ **အမ်အင်အေ၊ရိုက်တာ**

ဧပြီ ၆ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်တို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်တပ်ဖွဲ့ဝင်ရှစ်ဦး ရရှိခဲ့သောဒဏ်ရာဖြင့်သေဆုံး

ဘဂ္ဂဒက် ဧပြီ ၆

ဘဂ္ဂဒက်ဆင်ခြေဖုံး ဆာဒါစီးတီးတွင် တနင်္ဂနွေနေ့၌ အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် တိုက်ပွဲဖြစ်ပွားရာတွင် ရရှိခဲ့သော ဒဏ်ရာများဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက တနင်္လာနေ့က ပြောကြားသည်။

အမေရိကန်စစ်ဘက်ဆိုင်ရာက အစောပိုင်း၌ ထုတ်ပြန်ခဲ့သောသတင်းမှာ မမှန်ကန်ဟု ဆိုသည်။ နာဂျက်ဖ်မြို့အနီး၌ အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် တနင်္ဂနွေနေ့က တိုက်ပွဲဖြစ်ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ကြေညာချက်၌ ဖော်ပြခဲ့သည်။

ယင်းကြေညာချက်တွင် နာဂျက်ဖ်အနီးဖြစ်ပွားသောတိုက်ပွဲတွင် သေဆုံးသော နိုင်ငံခြားသားမှာ ဆာဗေဒိုတပ်ဖွဲ့ဝင်တစ်ဦးသာ ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

အခြားနိုင်ငံ၏ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ရန်မကြိုးပမ်းသင့် ကန်ကိုမလေးရှားနိုင်ငံခြားရေးဝန်ကြီး သတိပေးပြောကြား

ကွာလာလမ်ပူ ဧပြီ ၆

နိုင်ငံတကာဆိုင်ရာ ခြိမ်းခြောက်မှုများကို ဟန်ဆောင်နှိမ်နင်းပြီး အခြားနိုင်ငံများ၏ ပြည်တွင်းရေးကိစ္စများတွင် အမေရိကန်ပြည်ထောင်စုသည် ဝင်ရောက်စွက်ဖက်ရန်မကြိုးပမ်းသင့်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆီအယ်ဒ်ဟာမစ်အယ်လ်ဘားက တနင်္လာနေ့၌ သတိပေး ပြောကြားလိုက်သည်။

မလက္ကာရေလက်ကြားတွင် အမေရိကန်ရေတပ်ကို ထားလိုက်သည်နှင့် ထိုဒေသတွင် မိမိတို့၏ ပိုင်ခွင့်များကို အမေရိကန်ပြည်ထောင်စုက အမှန်တကယ် ဝင်ရောက်စွက်ဖက်လိုက်ခြင်းပင်ဖြစ်ကြောင်း ဆီအယ်ဒ်ဟာမစ်က ပူထရာဂျာယာရှိ သူ၏ ရုံးခန်း၌ သတင်းထောက်များကို ပြောကြားသည်။

ကမ္ဘာ့သင်္ဘောများ အသွားအလာအများဆုံးဖြစ်သည့် မလက္ကာရေကြောင်းလမ်းတစ်လျှောက်တွင် အကြမ်းဖက်သမားများကို ကူညီနှိမ်နင်းပေးရန်အတွက် ယင်းမလက္ကာရေကြောင်းလမ်း၌ ကင်းလှည့်စောင့်ကြပ်ပေးရန် အမေရိကန်ပြည်ထောင်စုက စီစဉ်ထားကြောင်း အမေရိကန် ပစိဖိတ်ဌာနချုပ် စစ်ဦးစီးမှူး ဗိုလ်ချုပ်ကြီး သောမတ်စ်ဖာရို ဝေဖန်ပြောကြားခဲ့သည်ကို ဝန်ကြီးက တုန့်ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက အဆိုပါအစီအစဉ်ကို ဝါရှင်တန်၌ ဖော်ထုတ်ခဲ့ရာတွင် နိုင်ငံခြားရေးဝန်ကြီး ဆီအယ်ဒ်ဟာမစ်သည် ဒုတိယဝန်ကြီးချုပ် နာဂျစ်တွန်ရာဇတ်နှင့် ပူးတွဲလျက် ထိုသို့ဝေဖန်ပြောကြားခဲ့ခြင်း ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးလည်းဖြစ်သူ နာဂျစ်သည် မလက္ကာရေလက်ကြားကို စောင့်ကြပ်ဖို့အတွက် အမေရိကန်၏ စစ်ရေးအကူအညီကိုယူရန် ရည်ရွယ်ချက်မရှိကြောင်း ကွာလာလမ်ပူ၌ ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အာရှနှင့်ပစိဖိတ်ဒေသ၌ ယာဉ်မတော်တဆဖြစ်မှု အဓိကပြဿနာဖြစ်လာ

မနီလာ ဧပြီ ၆

အာရှနှင့် ပစိဖိတ်ဒေသတွင် ယာဉ်မတော်တဆဖြစ်မှုကြောင့် လူ ၁၀ သန်းခန့် ထိခိုက်ဒဏ်ရာရရှိခဲ့မှု၊ သို့မဟုတ် အဆိုပါဒေသ၏ လမ်းများပေါ်တွင် သေဆုံးခဲ့မှုများဖြစ်ခဲ့ရကြောင်း၊ ထို့ကြောင့် လမ်းများပေါ်တွင် ယာဉ်မတော်တဆဖြစ်မှုများသည် ပြည်သူများ၏ကျန်းမာရေးအတွက် အဓိကပြဿနာတစ်ရပ်ဖြစ်လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)၏ အနောက်ပစိဖိတ်ဒေသဆိုင်ရာရုံး(ဒဗလျူပီအာအို)က တနင်္လာနေ့တွင် သတိပေးလိုက်သည်။

အဆိုပါ အာရှနှင့် ပစိဖိတ်ဒေသသည် ကမ္ဘာ့မော်တော်ယာဉ်များ ပြေးဆွဲမောင်းနှင်မှု၏ ၁၆ ရာခိုင်နှုန်းရှိရာ တစ်ကမ္ဘာလုံးရှိ ယာဉ်မတော်တဆဖြစ်မှုကြောင့် လမ်းမများပေါ်တွင် သေဆုံးရမှု၏ ၆၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ယင်း(ဒဗလျူပီအာအို)က ပြောကြားသည်။

၁၉၉၅ မှ ၁၉၈၇ ခုနှစ်အတွင်း အာရှ၌ ယာဉ်မတော်တဆဖြစ်မှုများကြောင့် သေဆုံးမှုသည် ၄၀ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ကြောင်း၊ သို့သော်လည်း ထိုကာလအတွင်း အာရှဖွံ့ဖြိုးပြီးနိုင်ငံများ၌ ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးမှုမှာ ၁၀ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အဆိုပါနိုင်ငံများသည် ပိုမိုကောင်းမွန်လုံခြုံသည့် စီစဉ်ဆောင်ရွက်ထားမှုများကြောင့်ဖြစ်ကြောင်း (ဒဗလျူပီအာအို)က ပြောကြားသည်။

ဧပြီ ၇ ရက်သည် ကမ္ဘာ့ကျန်းမာရေးနေ့ဖြစ်ပြီး ၂၀၀၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အတွက် ဆောင်ပုဒ်မှာ "လမ်းများပေါ် လုံခြုံရေးဆောင်ရွက်ပေး"ဟု ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

● *ကျောဖုံးမှ*

ရွှေစာရေးသည် လုပ်ငန်းစတင်ရန် ပြင်ဆင်နေဆဲ စီမံကိန်းဖြစ်ပြီး ရွှေလီ စီမံကိန်းတည်ဆောက်မှုမှာမူ အတော်ကိုပင် အရှိန်ရနေပြီ ဖြစ်သည်။

ကျွန်တော်တို့ အမိမြန်မာပြည်သည် မြေသယံဇာတသာမက ရေသယံဇာတပါ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင် မြစ်၊ စစ်တောင်းမြစ်၊ မူးမြစ်၊ ရွှေလီမြစ်စသည့် မြစ်တို့စီးဆင်းရာ တစ်လျှောက် တန်ဖိုးဖြတ်၍ မရနိုင်သော သဘာဝရေအရင်းအမြစ်များကို အသုံးချ၍ ရေအားလျှပ်စစ်မြောက်မြားစွာ ထုတ်လုပ်နိုင်သည်။

ထို့ကြောင့်လည်း ဧရာဝတီမြစ်ဝှမ်းစီမံကိန်း၊ ချင်းတွင်းမြစ်ဝှမ်းစီမံကိန်း၊ သံလွင်မြစ်ဝှမ်းစီမံကိန်း၊ စစ်တောင်းမြစ်ဝှမ်းစီမံကိန်းစသည်ဖြင့် ပထဝီအနေအထားအရ ခြုံငုံခေါ်ဝေါ်ပြီး လယ်ယာကဏ္ဍနှင့် လျှပ်စစ်စွမ်းအားကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းများကို တစ်ခုပြီးတစ်ခု အကောင်အထည်ဖော်နိုင်ခြင်း ဖြစ်သည်။

အထက်ပိုင်း ဧရာဝတီမြစ်ဝှမ်း၌ မြစ်ဆုံစီမံကိန်း၊ ရွှေလီစီမံကိန်း၊ ရဲရွာစီမံကိန်း၊ သဖန်းဆိပ်စီမံကိန်း၊ မုန်း စီမံကိန်းဟူ၍ ရေအားလျှပ်စစ်စီမံကိန်း ငါးခုအထိ တိုးချဲ့စူးစမ်းလေ့လာဖော်ထုတ်ပြီး တည်ဆောက် အကောင်အထည်ဖော်နေရာ မူးမြစ်ပေါ်၌ရှိသော သဖန်းဆိပ်ရေလှောင်တမံ၌ မဂ္ဂါဝပ် ၃၀ အင်အားရှိသည့် ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ခဲ့ပြီး ဖြစ်သည်။ မြစ်ဆုံစီမံကိန်းမှအပ ကျန်စီမံကိန်းသုံးခုမှာ အကောင်အထည်ဖော်နေဆဲ ဖြစ်သည်။ ဆက်လက်လေ့လာစူးစမ်းမှုများအရ အထက်ပိုင်း ဧရာဝတီမြစ်ဝှမ်း၌ ရေအားလျှပ်စစ်စီမံကိန်းများ ထပ်မံပေါ်လာနိုင်သဖြင့် စာရင်းပိတ်၍ မဖြစ်နိုင်သေးပါ။

ဧရာဝတီသည် ကမ္ဘာကျော်သည့် ရွှေမြစ်ကြီးဖြစ်ရာ ရွှေမြစ်ဝှမ်း တစ်လျှောက် ရွှေအလင်းရောင်စီမံကိန်းကြီးများကို မဓောမပန်း ဖွဲ့သတ္တိရှိရှိ တည်ဆောက်သွားနိုင်မှသာ ရွှေနိုင်ငံစစ်စစ်ဖြစ်မှာ ဖြစ်သည်။

ဧရာဝတီကိုစံပြု၍ ကျန်သောမြစ်များ၊ ချောင်းများကိုလည်း လူ့လုပ်အားဖြင့် တန်ဖိုးမြှင့်တင် အသုံးချသွားရမှာဖြစ်သည်။ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ရွှေနိုင်ငံအဖြစ် တည်ဆောက်ရာ၌ လျှပ်စစ်ဓာတ်အား မပြည့်စုံသေးသမျှ အကန့်အသတ်များဖြင့် တုံ့နှေးနေမှာ ဖြစ်သည်။

လျှပ်စစ်ဓာတ်အားသည် ရွှေနိုင်ငံဖြစ်ရေးအတွက် အရင်းပြုရမည့် ရွှေလည်းဟုတ်သည်။ ငွေလည်းဟုတ်သည်။ နိုင်ငံတော်အတွက် အရေးပါသည့် ရတနာဖြစ်သည်။ မြို့ကြီးပြကြီးများကလည်း လိုချင်သည်။ ကျေးလက်ဒေသများကလည်း လိုချင်သည်။ စီးပွားရေးလုပ်ငန်းများကလည်း တောင်းဆိုနေသည်။ ခေတ်စနစ် အလှည့်အပြောင်း၌ လူတွေ၏ လူနေမှုဘဝသည်လည်း ပြောင်းလဲလာရုံသာမက နေထိုင်သုံးစွဲမှုအဆင့်အတန်း ခုန်ကျော်မြင့်မားလာလျက်ရှိသည်။ တီဗွီ၊ ဗီစီဒီသာမက ကွန်ပျူတာကိုပါ သုံးစွဲမှုများလာသည့် အီလက်ထရွန်နစ်ခေတ်ရောက်နေပြီ ဖြစ်သည်။ တယ်လီဖုန်းဆိုလျှင်လည်း ဒီဂျစ်တယ်ဖြစ်မှ ကောင်းမှန်းသိနေပြီ ဖြစ်သည်။ အကောင်းကိုသိ၊ အကောင်းကို သုံးစွဲလာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားသည် လူနေမှုဘဝ၏ မရှိမဖြစ်သည့် အခြေခံလိုအပ်ချက်တစ်ရပ်အဖြစ် ပြောင်းလဲလာသည်။

ပြောင်းလဲလာသော အခြေအနေများနှင့်အညီ လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်သည် ပြင်းပြင်းထန်ထန် အားထုတ်ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည်။ ယခင်က ဘီလူးချောင်းကိုအခြေခံသည့် စုစုပေါင်း ၁၉၆ မဂ္ဂါဝပ် စက်အင်အားရှိသော လောပိတရေအားလျှပ်စစ်စက်ရုံလောက်ဖြင့် ရပ်တန့်နေ၍မရ၊ တိုးချဲ့ထူထောင်မှုများ လုပ်နေရသည်။

ကျွမ်းကျင်သူများ၏ လေ့လာတိုင်းတာထားမှုများအရ နိုင်ငံတစ်ဝန်းရှိ မြစ်များ၊ ချောင်းများ၏ နှစ်စဉ်ရေစီးဆင်းမှုပမာဏသည် ဧကပေ ၈၇၆ သန်းကျော်ရှိသည်။ ဧရာဝတီမြစ်တစ်ခုတည်းပင် ရေစီးဆင်းမှုပမာဏ ဧကပေ သန်း ၂၅၀ ကျော်သည်။ သံလွင်မြစ်မှာ ဧကပေ ၂၀၉ သန်းခန့်၊ ချင်းတွင်းမြစ်သည် ဧကပေ ၁၁၅သန်းခန့်၊ စစ်တောင်းမြစ်သည် ဧကပေ ၃၄သန်းခန့် အသီးသီးရှိသည်။ ရေအရင်းအမြစ်ရှားပါးသော နိုင်ငံမျိုးမဟုတ်သဖြင့် ပေါများလှသည့် ရေသယံဇာတကို အသုံးပြု၍ ရေအားလျှပ်စစ်စီမံကိန်းများ ထူထောင်ရမှာဖြစ်သည်။

နိုင်ငံတော်၌ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ် အသေး၊ အလတ်၊ အကြီး နေရာပေါင်း ၂၆၈ခုမှ စုစုပေါင်းဓာတ်အား မဂ္ဂါဝပ် ၄၀၀၀၀ နီးပါးခန့် ထုတ်လုပ်နိုင်စွမ်းရှိသည်ဟု တွက်ချက်ထားရာ ယနေ့အထိ ၄၂နေရာ၌ မဂ္ဂါဝပ် ၃၉၀ကျော် ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပြီးဖြစ်သည့်အတွက် ထုတ်လုပ်နိုင်သော ရေအားလျှပ်စစ်ဓာတ်အား ပမာဏ၏ ၁ ရာခိုင်နှုန်းခန့်သာ ရှိသည်။ ယင်းစက်ရုံများအနက် စက်ရုံအများစုသည် ဒေသသုံးအတွက်သာဖြစ်သည့်အတွက် မဟာဓာတ်အားလိုင်းစနစ် အပြင်ဘက်၌ ရှိနေသည်။ မဟာဓာတ်အားလိုင်းအတွက်ရော ဒေသသုံးအတွက်ပါ နောက်ထပ်စက်ရုံ မြောက်မြားစွာကို တည်ဆောက်ရဦးမှာ ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"တတိယ ငါးနှစ်စီမံကိန်းကာလ (၂၀၀၁-၂၀၀၂မှ ၂၀၀၅-၂၀၀၆ခုနှစ်) အတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထပ်မံ တိုးချဲ့ရရှိအောင် ဆောင်ရွက်ရန်နှင့် ယင်းသို့ဆောင်ရွက်ရာ၌ ပေါကြွယ်ဝသော ရေအရင်းအမြစ်များကို အခြေခံ၍ လုပ်ကိုင်ဆောင်ရွက်ရန်"** လမ်းညွှန်မှုပြုပြီး တွန်းအားပေးထားသည်။ ရေအားလျှပ်စစ်စီမံကိန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် အတွက်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်၌ ရေအား လျှပ်စစ် ဦးစီးဌာနကိုပါ သီးခြားဖွဲ့စည်းပေးထားသည်။

ယခုထပ်မံ၍ မကြာသေးမီကပင် လျှပ်စစ်စီမံကိန်းများကို ဦးဆောင်ကြပ်မတ် အကောင်အထည်ဖော်နိုင်ရန်အတွက် **နိုင်ငံတော်လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း ဦးဆောင်ကော်မတီနှင့် နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ**တို့ကိုဖွဲ့စည်းလိုက်ရာ လျှပ်စစ်စီမံကိန်းများအပေါ် နိုင်ငံတော်၏ ဦးစားပေးအလေးထားမှုသည် လက်တွေ့ကျကျ ပေါ်လွင်လျက်ရှိသည်။

နိုင်ငံတော်၏ တာဝန်ပေးချက်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တိုင်းပြည်၏လျှပ်စစ်ဓာတ်အား တိုးတက်တောင်းခံလျက်ရှိသည့် အခြေအနေကို ဖွဲ့၊ သတ္တိ၊ ကျွမ်းကျင်မှုတို့ကို အရင်းခံ၍ တုံ့ပြန်ဖြည့်ဆည်းရမှာ ဖြစ်သည်။ အင်ကုန်အားကုန် အားထည့်လုပ်ကိုင်ရမှာဖြစ်သည်။ လုပ်ငန်းသဘာဝအရ နီးနွယ်ဆက်စပ်နေသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အတူ ဟန်ချက်ညီညီ ညှိနှိုင်းပူးပေါင်းလုပ်ကိုင်သွားရမှာ ဖြစ်သည်။ ကျန်ရှိသော ဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ အကူအညီကိုလည်း ရယူသွားရမှာဖြစ်သည်။ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ဌာနတည်းဖြင့် ကြီးမားလှသော ရေသယံဇာတများကို ဖော်ထုတ်ပြုပြင်အသုံးချရန် မလွယ်ကူပါ။ အားလုံး၏ စုစည်းပူးပေါင်းအားထုတ်မှုဖြင့်သာ ကျော်လွှားရမှာ ဖြစ်သည်။

စုစည်းမှုသည် အင်အားဖြစ်သည်ဟု အပြောလွယ်သလောက် အလုပ်ပါလာရန် ခက်ခဲသည်။ စိတ်ရှည်ရသည်။ ကျွမ်းကျင်မှုအပြင် နားလည်မှု၊ စာနာမှု၊ ယုံကြည်မှုရှိမှလည်း အလုပ်ဖြစ်မှာ သေချာသည်။

ပဲခူးမြစ်ပေါ်၌ ဇောင်းတူရေလှောင်တမံတည်၍ ဇောင်းတူ ရေအားလျှပ်စစ်စက်ရုံကို အခက်အခဲများစွာကြားမှ စုစည်းပူးပေါင်းအားထုတ်မှုဖြင့်ပင် ရန်းကန်ကြိုးစားတည်ဆောက်ခဲ့ရသည်။ တစ်လုံးလျှင် ၁၀ မဂ္ဂါဝပ် အင်အားရှိ စက်နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးသည့်ပြင် ပဲခူးမြို့ ပတ်ဝန်းကျင် ရေကြီးနစ်မြုပ်မှုကို ကာကွယ်နိုင်ပြီး လယ်ယာမြေများကိုလည်း ရေပေးဝေနိုင်သည်။ တစ်နည်းအားဖြင့် နှစ်စဉ်ရေစီးဆင်းမှုပမာဏ ဧကပေ ၆ ဒသမ ၅ သန်းခန့်ရှိသော ပဲခူးမြစ်ရေကို အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်၍ ပြည်သူ့အကျိုးပြုလုပ်ငန်းကို အောင်မြင်စွာ ဖော်ဆောင်နိုင်ခြင်းဖြစ်သည်။ ပဲခူးမြစ်၏ မူလရှိနေသောတန်ဖိုးကို မြှင့်တင်နိုင်သည့် လူသား၏အောင်ပွဲပင် ဖြစ်သည်။

ထို့အတူ ဇော်ဂျီမြစ်ပေါ်၌လည်း ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေအားလျှပ်စစ်စက်ရုံအဆင့်ဆင့်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းတည်ဆောက်၍ ပြည်သူများအား အကျိုးပြုစေခဲ့ပြီး ဖြစ်သည်။ တစ်နှစ်ရေစီးဆင်းမှုပမာဏ ဧကပေ လေးသိန်းကျော်ရှိသော ဇော်ဂျီမြစ်ရိုးတစ်လျှောက်၌ တပ်ကြီး၊ ဇော်ဂျီ (၁)၊ ဇော်ဂျီ (၂) စသည့် အသေးစားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ခဲ့ပြီးဖြစ်သည်။ တပ်ကြီးစက်ရုံက ၁ ဒသမ ၂ မဂ္ဂါဝပ်၊ ဇော်ဂျီ(၁)စက်ရုံက ၁၈ မဂ္ဂါဝပ်၊ ဇော်ဂျီ (၂) စက်ရုံက ၁၂ မဂ္ဂါဝပ် ထုတ်လုပ်နိုင်စွမ်းရှိသည်။ ဇော်ဂျီမြစ်ရေကို ပိုင်နိုင်စွာ အဆင့်ဆင့်ထိန်းချုပ်၍ ရေအားလျှပ်စစ်ထုတ်လုပ်ရုံသာမက စိုက်ပျိုးရေးအတွက်ပါ အောင်မြင်စွာ အသုံးပြုနိုင်ခြင်းပင် ဖြစ်သည်။

ပဲခူးမြစ်၊ ဇော်ဂျီမြစ်တို့အပြင် နှစ်စဉ် ရေစီးအင်အား ဧကပေ ၁၁ သိန်းခန့် ရှိသည့် ပန်းလောင်မြစ်ပေါ်တွင်လည်း လျှပ်စစ်ဓာတ်အား ၅၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သော ကင်းတားရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်ခဲ့ပြီး ဖြစ်သည်။

ထို့အတူ နှစ်စဉ် ရေစီးဆင်းမှုပမာဏ ဧကပေ သုံးသန်းကျော်ရှိသည့် မူးမြစ်ကိုပိတ်သည့် သဖန်းဆိပ်ရေလှောင်တမံ၌ ထည့်သွင်းတည်ဆောက်ထားသော သဖန်းဆိပ် ရေအားလျှပ်စစ်စက်ရုံသည် ပြည်သူများကို အလင်းရောင်ပေးနေပြီဖြစ်သည်။

ပဲခူးမြစ်၊ ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်နှင့် မူးမြစ်တို့ကို ထိန်းချုပ်၍ ရွှေအလင်းရောင်စက်ရုံများ ထူထောင်နိုင်ခြင်းဖြင့် နိုင်ငံတော်အတွက် စီမံကိန်းသစ်များကို ဖော်ဆောင်ရန် ခွန်အားသစ်ဖြစ်စေသည်မှာ အမှန်ဖြစ်သည်။ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနရော၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပါ အတွေ့အကြုံအသစ်များ တိုးပွားစေသည်။

ဤသို့ဖြင့် နှစ်စဉ် ရေစီးဆင်းမှုပမာဏ ဧကပေ ၁၂ သန်းကျော်ရှိသည့် ဒုဋ္ဌဝတီမြစ်(သို့မဟုတ်) မြစ်ငယ်မြစ်၏မြစ်ရေကိုအသုံးချရန် ရဲရွာစီမံကိန်းကြီး ပေါ်လာခဲ့သည်။ မန္တလေး၊ ပြင်ဦးလွင်နှင့် ကျောက်ဆည်မြို့နယ် သုံးမြို့နယ်ဆုံရာ မြစ်ငယ်မြစ်ပေါ်၌ ရေလှောင်တမံတည်ဆောက်၍ စက်လေးလုံးဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၈၀ ထုတ်လုပ်ပေးမှာဖြစ်သည်။ နိုင်ငံတော်၏အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းကြီးဖြစ်သည်။ အင်ပြည့်အားပြည့် တည်ဆောက်လျက်ရှိသည်။

ဆက်လက်၍ တရုတ်ပြည်၌ မြစ်ဖျားခံ၍ ဧရာဝတီမြစ်အတွင်း စီးဝင်သည့် ရွှေလီမြစ်ပေါ်၌ ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို စတင်ခဲ့ပြန်သည်။ ယင်းစက်ရုံ၌ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၀၀စီထုတ်လုပ်နိုင်အားရှိသော စက်လေးလုံး တပ်ဆင်သွားမှာ ဖြစ်သည်။ မဟာဓာတ်အားလိုင်းဝင် အကြီးစားစီမံကိန်းဖြစ်သည်သာမက လောပိတစက်ရုံနှင့် ပေါင်းလောင်းစက်ရုံတို့ထက် ဓာတ်အားပိုမို ထုတ်လုပ်ပေးမည့် စီမံကိန်းဖြစ်သည်။

ရွှေမြစ်များမှ ရွှေအလင်းရောင် ပိုမိုထွန်းပြောင်မှာဖြစ်သည်။

ဧရာဝတီမြစ်ဝှမ်း(အထက်ပိုင်း)ရှိရေအားလျှပ်စစ်စီမံကိန်းများ

စဉ်	မြစ်အမည်	နှစ်စဉ်ရေစီးဆင်းမှု ဧကပေ	စက်တပ်ဆင် အင်အားမဂ္ဂါဝပ်
၁။	ဇော်ဂျီ	၀ ဒသမ ၄ သန်း	၃၁ ဒသမ ၂
၂။	ပန်းလောင်	၁ ဒသမ ၁ သန်း	၅၆ ဒသမ ၀
၃။	မူး	၃ ဒသမ ၀ သန်း	၃၀ ဒသမ ၀
၄။	မြစ်ငယ်	၁၂ ဒသမ ၁ သန်း	၇၉၀
၅။	ရွှေလီ	၆ ဒသမ ၆ သန်း	၄၀၀

ဧရာဝတီမြစ်ဝှမ်း(အထက်ပိုင်း)၌ ဇော်ဂျီ၊ ပန်းလောင်၊ မူး၊ မြစ်ငယ်၊ ရွှေလီ စသည့် ဧရာဝတီမြစ်တွင်း စီးဝင်သည့် မြစ်များအပြင် မုန်းချောင်း၊ မန်းချောင်းကဲ့သို့ ချောင်းကြီးများလည်းပါသည်။ မုန်းချောင်းသည် မြစ်ငယ်တစ်ခုကဲ့သို့ပင် ရေစီးအားရှိသည်။ နှစ်စဉ် ရေစီးဆင်းမှုပမာဏ ဧကပေ ၃ ဒသမ ၅သန်းခန့်ရှိသည်။ မုန်းချောင်း၌ လောလောဆယ် ၇၅ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်မည့် ရေအားလျှပ်စစ်စက်ရုံသည် ရာနှုန်းပြည့်နီးပါးခန့် ပြီးစီးနေပြီး မုန်းရေလှောင်တမံ၏ အထက်နှင့်အောက်၌ ကြီးအုံ-ကြီးဝ စီမံကိန်းနှင့် ဘူးရွာစီမံကိန်းများဖြစ်သည့် ရေအားလျှပ်စစ်စီမံကိန်း အသစ်နှစ်ခုကို တည်ဆောက်ရန် စီစဉ်နေသည်။ ကြီးအုံ-ကြီးဝစီမံကိန်း ဆိုလျှင် စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။ ထို့ကြောင့် **မုန်းချောင်းတစ်လျှောက်တွင် ရွှေအလင်းရောင်စီမံကိန်း သုံးခုရှိလာမှာ ဖြစ်သည်။**

စစ်တောင်းမြစ်ဝှမ်း၌ အကျုံးဝင်သည့် ရေအားလျှပ်စစ်စီမံကိန်းတို့မှာ ပေါင်းလောင်း စီမံကိန်း၊ ရွှေကျင်စီမံကိန်း၊ သောက်ရေခပ်စီမံကိန်း၊ ဘောဂထ

ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မန်တက်ကျေးရွာ အနီး ရွှေလီမြစ်တွင် အကောင်အထည်ဖော်နေသော စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား တစ်နှစ်ကီလိုဝပ် နာရီ သန်းပေါင်း ၃၀၂၂ ထုတ်လုပ်နိုင်မည် ဖြစ်သည်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

စီမံကိန်း၊ ခပေါင်း စီမံကိန်း၊ ကွန်း စီမံကိန်း၊ ဖြူး စီမံကိန်း၊ ရဲနွယ် စီမံကိန်း၊ ပသိ စီမံကိန်းတို့ဖြစ်သည်။ မဂ္ဂါဝပ်၂၈၀ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးမည့် ပေါင်းလောင်းမြစ်ပေါ်မှ ပေါင်းလောင်းစီမံကိန်းကြီးမှာ ယခု ၂၀၀၄ ခုနှစ်အတွင်း ပြီးစီးတော့မှာ ဖြစ်သည်။ ကျန်စီမံကိန်းများသည်လည်း သုံးလေးနှစ်ခန့်အတွင်း ပြီးစီးတော့မှာဖြစ်ရာ စစ်တောင်းမြစ်၏ တန်ဖိုးသည် ရွှေရောင်ဝင်းလာမှာ ဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်းရှိရေအားလျှပ်စစ်စီမံကိန်းများ

စဉ်	စီမံကိန်းအမည်	စက်တပ်ဆင်အင်အားမဂ္ဂါဝပ်
၁။	ပေါင်းလောင်း	၂၈၀
၂။	ဘောဂထ	၁၆၀
၃။	သောက်ရေခပ်	၁၅၀
၄။	ရွှေကျင်	၇၅
၅။	ကွန်း	၆၀
၆။	ဖြူး	၄၀
၇။	ခပေါင်း	၃၀
၈။	ရဲနွယ်	၂၅
၉။	ပသိ	၂

သံလွင်မြစ်ဝှမ်း၌ အကျုံးဝင်သော ရေအားလျှပ်စစ်စီမံကိန်းတို့မှာ လောလောဆယ် အကောင်အထည်ဖော်လျက်ရှိသည့် ကျိုင်းတောင်းစီမံကိန်းနှင့် အသေးစိတ်

စာမျက်နှာ ၆ ကော်လံ ၁ သို့

ဖူးမြော်ကြည်ညို

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ မဟာသုခ ဆုတောင်းပြည့် စေတီတော်တွင် ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာ့ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ်လေကြောင်း အထူးလေယာဉ်ဖြင့် ဒေသစံတော်ချိန် နံနက် ၈နာရီခွဲတွင် စစ်တကောင်းမြို့ Shah Amanat အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

တံတားကြီးရွာထွက်ခွာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ Advisor to Foreign Affairs Mr. Reaz Rahman ၊ Chittagone Divisional Commissioner Mr. Ashraful Mokbul နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရွာတော်မြို့(ဘန်ဒါဘန်မြို့)တံတားကြီးရွာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင် စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်း ရေကန်ကျောင်း အုတ်မြစ်စီ အခမ်းအနားတွင် ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးလုပ်ငန်းများအတွက် အလှူငွေများကို ဘင်္ဂလားဒေ့ရှ် ဆရာတော်ဘဒ္ဒန္တပညာဇောတအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ် လေတပ်ရဟတ်ယာဉ်များဖြင့် ဘန်ဒါဘန်မြို့သို့ ရောက်ရှိကြရာ Bandarban Hill District Additional District Magistrate, Mr. Syed Md. Hashim နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ဆက်လက်၍ ရွာတော်မြို့တံတားကြီးရွာသို့ ထွက်ခွာကြသည်။

ထို့နောက် ပရိဘောဂစေတီ မဟာဗောဓိပင်စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်း ရေကန်ကျောင်း အုတ်မြစ်စီ အခမ်းအနားကို ရွာတော်မြို့(ဘန်ဒါဘန်မြို့) တံတားကြီးရွာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ နတ်ချောင်းသရီဆရာတော် ဘဒ္ဒန္တအာသဖ၊ ဘင်္ဂလားဒေ့ရှ် ဆရာတော် ဘဒ္ဒန္တပညာဇောတတို့အမှူးပြုသော ဆရာတော် သံဃာတော်အပါး ၁၃၀ တို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ရွာတော်မြို့ရှိ မြန်မာမျိုးနွယ်ဝင်ဒေသခံ တိုင်းရင်းသားတိုင်းရင်းသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၇ ကော်လံ ၁*

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရွာတော်မြို့(ဘန်ဒါဘန်မြို့)တံတားကြီးရွာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင်စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်း ရေကန်ကျောင်း အုတ်မြစ်စီ အခမ်းအနားတွင် နတ်နဂါးမင်းရေကန်ကျောင်း တည်ဆောက်ရန် အုတ်မြစ်စီပေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

လေ့လာတိုင်းတာနေဆဲဖြစ်သည့် တာဆန်းစီမံကိန်းကြီးဖြစ်သည်။ ကျိုင်းတောင်းစီမံကိန်းမှာ ၅၄ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နိုင်စွမ်းရှိပြီး တာဆန်းစီမံကိန်းမှာ မဟာအကြီးစားစီမံကိန်းဖြစ်သည်။ ပမာဏလေ့လာတိုင်းတာမှုအရ ဓာတ်အား မဂ္ဂါဝပ် ၇၁၁၀ ထုတ်လုပ်နိုင်မည်ဟု တွက်ချက်ထားသည်။ ရေစီးမြန်လှသည့် သံလွင်မြစ်သည် ရေအားလျှပ်စစ် ထုတ်လုပ်ရန်အတွက် အသုံးဝင်နေပြီဖြစ်ရာ တန်ဖိုးရှိသော ရွှေမြစ်ကြီးအဖြစ် တန်ဖိုးတက်လာမှာ သေချာသည်။

ဟူးကောင်းချိုင့်ဝှမ်းဘက်မှ မြစ်ဖျားခံလာသော ချင်းတွင်းမြစ်သည်လည်း ထမံသီ စီမံကိန်း၊ ဟုမ္မလင်း စီမံကိန်း၊ မော်လိုက်စီမံကိန်း၊ ရွှေစာရေး စီမံကိန်း စသည်ဖြင့် ရေလှောင်တမံအဆင့်ဆင့်ဖြင့် ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ရန်ရှိလာသည်။ ယင်းစီမံကိန်းများအနက် ထမံသီ ရေအားလျှပ်စစ်စီမံကိန်းမှာ အကြီးစားစီမံကိန်းကြီး ဖြစ်သည်။ ခန့်မှန်းခြေ မဂ္ဂါဝပ် ၁၂၀၀ ခန့် ထုတ်လုပ်နိုင်အားရှိသည်။

လောလောဆယ် ခြေနိုင်လက်နိုင်ဖြင့် တည်ဆောက်နိုင်မည့် အလားအလာကောင်းသော စီမံကိန်းမှာ မုံရွာမြို့၏ အထက်ဘက်မိုင် ၂၀ ခန့်၌ ရှိသော ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည်။ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ကျော်ခန့် ထုတ်လုပ်နိုင်စွမ်းရှိသည့် စီမံကိန်းကြီးဖြစ်သည်။ သို့ရာတွင် ချင်းတွင်းမြစ်၏ ရေစီးဆင်းအား အနည်ထိုင်နှုန်း၊ ပထဝီအနေအထား၊ ဘူမိဗေဒနှင့် ဇလဗေဒဆိုင်ရာ အချက်အလက်များကို စုံနေအောင် တွက်ချက်စဉ်းစားရသည်။ ချင်းတွင်းမြစ်၏ တစ်နှစ်ရေစီးမှုမှာ ဧကပေ ၁၁၅ သန်းခန့်ရှိရာ တစ်နိုင်ငံလုံးရှိ ရေသယံဇာတ၏ ၁၆ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိသဖြင့် ပမာဏကြီးမားလှသည်။ ယနေ့အထိ တည်ဆောက်ခဲ့သော ရေလှောင်တမံများအနက် ရေထုပမာဏအကြီးမားဆုံးမြစ်ပေါ်ရှိ စီမံကိန်းမှာ မြစ်ငယ်မြစ်ပေါ်မှ ရဲရွာစီမံကိန်းဖြစ်သည်။ မြစ်ငယ်မြစ်၏ ရေစီးဆင်းမှုပမာဏ နှစ်စဉ် ဧကပေ ၁၂ သန်းကျော်ရှိသည်။ ဧကပေ သုံးသန်းမှ ခြောက်သန်းကျော်အထိရှိသော ရေထုထည်ကို ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် ထိန်းချုပ်နိုင်သည့် ကိုယ်ပိုင်အတွေ့အကြုံ ရှိပြီးဖြစ်သည်။

ထုထည်ပမာဏကြီးမားသော ရွှေစာရေးသည် မြန်မာအင်ဂျင်နီယာ၊ မြန်မာအတတ်ပညာရှင်များ၏ စွမ်းအားကို စိန်ခေါ်နေပြီဖြစ်သည်။ ချင်းတွင်းမြစ်၏ ရေစီးအားကို အဆင့်ဆင့်ထိန်းချုပ်နိုင်သည်နှင့်အမျှ ရေအား လျှပ်စစ်လည်း ရမည်။ စိုက်ပျိုးရေလည်းရမည်။ ရေကြောင်းသွားလာရေးလည်း လွယ်ကူမည်။ မြန်မာအတတ်ပညာရှင်များ၏ အတတ်ပညာစွမ်းအားသည်လည်း တစ်ဆင့်မြင့်တက်သွားမှာ သေချာနေသည်။

ချင်းတွင်းမြစ်ဝှမ်းရှိ ရေအားလျှပ်စစ်စီမံကိန်းများ

စဉ်	စီမံကိန်းအမည်	စက်တပ်ဆင်အင်အားမဂ္ဂါဝပ်
၁။	ထမံသီ	၁၂၀၀
၂။	ရွှေစာရေး	၆၀၀
၃။	မော်လိုက်	၄၀၀
၄။	ဟုမ္မလင်း	၁၅၀

ပဲခူးမြစ်၊ ဇော်ဂျီမြစ်၊ မူးမြစ်၊ မြစ်ငယ်မြစ်၊ ရွှေလီမြစ်၊ ပန်းလောင်မြစ်၊ ပေါင်းလောင်းမြစ် စသည့် မြစ်ငယ်တို့ကို ရွှေမြစ်များဖြစ်အောင် ထိန်းကိုင်နိုင်သည့် အတွေ့အကြုံများ ရှိနေပြီဖြစ်ရာ အင်အားကြီးသော ချင်းတွင်းမြစ်ကိုလည်း ထိန်းချုပ်နိုင်မှာ သေချာနေသည်။ လူ့လုပ်အား၊ လူ့စွမ်း အားသည် အနာဂတ်နှင့်ယှဉ်၍ အမြဲတိုးတက်ဖွံ့ဖြိုးနေသည်သာဖြစ်ရာ ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရွှေအလင်းရောင်စီမံကိန်းများ တစ်ခုပြီးတစ်ခု ထူထောင်၍ ရွှေမြစ်ကြီးအစစ်အမှန်ဖြစ်အောင် တီထွင်ကြံဆ ကြိုးပမ်းသွားနိုင်မှာဖြစ်သည်။

သို့ရာတွင် တစ်ဖက်မှလည်း ရေအားလျှပ်စစ်စက်ရုံတစ်ရုံ တည်ဆောက်ရာ၌ မူလရင်းနှီးမြှုပ်နှံမှုများပြားသကဲ့သို့ တည်ဆောက်ချိန်လည်း ကြာတတ်သည်ကို သတိမူရမှာ ဖြစ်သည်။ ဇောင်းတူစီမံကိန်းတစ်ခုအတွက်ပင် နိုင်ငံခြားသုံးငွေအပါအဝင် စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ်သန်း ၄၃၀၀ကျော်ခန့်ရှိပြီး ခြောက်နှစ်ခန့် အချိန်ယူတည်ဆောက်ခဲ့ရသည်။ ထို့ကြောင့် ရွှေအလင်းရောင်စီမံကိန်းများအတွက် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးခိုင်မာပြီး ဓနငွေကြေးတောင့်တင်းရန် အားထုတ်ကြိုးပမ်းရမှာဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်၏ မြစ်ကြီး၊ မြစ်ငယ်အသွယ်သွယ်သည် ရွှေမြစ်များအဖြစ် ရွှေအလင်းရောင်များ ပေးစွမ်းနိုင်အားရှိသည်မှာ အမှန်ဧကန်ဖြစ်ရာ အတတ်ပညာစွမ်းအား၊ ဝီရိယစွမ်းအား၊ ညီညွတ်မှုစွမ်းအား၊ ယုံကြည်မှုစွမ်းအား၊ ခြိုးခြံချွေတာမှုစွမ်းအားတို့ဖြင့် ရွှေအလင်းရောင်စီမံကိန်းကို တစ်ခုပြီးတစ်ခု တည်ဆောက် အကောင်အထည်ဖော်၍ ရွှေနိုင်ငံသို့ မဆုတ်မနစ် ချီတက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဖလောင်းချိပ်မြို့ရှိ အဂ္ဂမေဓာမြန်မာဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကန်တော့ကြပြီး ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် သပိတ်၊ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးလုပ်ငန်းများအတွက် အလှူငွေများကို ဘင်္ဂလားဒေ့ရှ်ဆရာတော် ဘဒ္ဒန္တပညာဇောတအား ဆက်ကပ်လှူဒါန်းသည်။

ဂါရဝပြုပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့အား ရှာတော်မြို့ မြို့မိမြို့ဖများက မဟာသုခဆုတောင်းပြည့်စေတီတော်ပုံတော်ကို ဂါရဝပြုပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှာတော်မြို့မှ ဦးစောဖြူက သမင်ချိုကို ဂါရဝပြုလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ပရိဘောဂစေတီ မဟာဗောဓိပင်စိုက်ပျိုးခြင်းအစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မဟာဗောဓိပင်များကို စိုက်ပျိုးပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းပူဇော်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ရှာတော်မြို့ရှိ မြန်မာမျိုးနွယ်ဝင် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ ရှာတော်မြို့(ဘန်ဒါဘန်မြို့)တံတားကြီးရွာ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင် စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်းရေကန်ကျောင်း အုတ်မြစ်စီအခမ်းအနားတွင် တောင်တန်းဒေသ သံဃာ့ကောင်စီဥက္ကဋ္ဌ ခမောက်ချောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြစဉ်။ (သတင်းစဉ်)

အုတ်မြစ်စီ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးတို့က နတ်နဂါးမင်းရေကန်ကျောင်း တည်ဆောက်ရန် အုတ်မြစ်စီကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပရိဘောဂစေတီ မဟာဗောဓိပင်စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်းရေကန်ကျောင်း အုတ်မြစ်စီ မော်ကွန်းမှတ်တမ်းကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် နတ်ချောင်းသရီ ဆရာတော် ဘဒ္ဒန္တအာသဖက ရေစက်ချတရား ချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

စာမျက်နှာ ၈ ကော်လံ ၁

စာမျက်နှာ ၆ မှ

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် တောင်တန်းဒေသသံဃကောင်စီဥက္ကဋ္ဌ ခမောင်းချောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဆရာတော်သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှာတော်မြို့(ဘန်ဒါဘန်မြို့)တံတားကြီးရွာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင်စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်းရေကန်ကျောင်းအုတ်မြစ်စီ အခမ်းအနားတွင် မော်ကွန်းမှတ်တမ်းကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ State Minister for Communications Mr.Salah Uddin Ahmed ကကော့ဇ်ဘဇားမြို့ ဆီးဂဲလ်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့်အခမ်းအနားတွင် အမှတ်တရလက်ဆောင် ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)

8-4 (7).p65 1 3/24/05, 11:14 PM

ဘင်္ဂလားဒေ့ရှ်-မြန်မာလမ်းအပိုင်း တည်ဆောက်ပြီးစီးမှု အထိမ်းအမှတ်ကျောက်စာတိုင်ဖွင့် နှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုများ ရှင်းလင်းမှာကြား

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ State Minister for Communications Mr.Salah Uddin Ahmed ကကော့ဇ်ဘဇားမြို့ ဆီးဂဲလ်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ယင်းနောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

လက်မှတ်ရေးထိုး

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မဟာသုခဆုတောင်းပြည့် စေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ပန်းဝါသို့ရောက်ရှိ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် Ramu(ပန်းဝါ)သို့ ရောက်ရှိကြပြီး Bangladesh-Myanmar Friendship Road တည်ဆောက်ခြင်း အထိမ်းအမှတ် ကျောက်စာတိုင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ကျောက်စာတိုင်ဖွင့်လှစ်

အစီအစဉ်အရ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့ သမ္မတနိုင်ငံမှ Minister For Communications, Barister Nazmul Huda တို့က ၁၃၃ ကီလိုမီတာရှိမည့် Bangladesh-Myanmar Friendship Road လမ်းအပိုင်းမှ ၃၆ ကီလိုမီတာရှည်သည့် Ramu-Gundun လမ်းအပိုင်းတည်ဆောက်ပြီးသည့် အထိမ်းအမှတ် ကျောက်စာတိုင်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဖလောင်းချိပ်မြို့ရှိ အဂ္ဂမေဓာ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင်များ၊ တပည့်ဒါယကာ ဒါယိကာမများဖြစ်ကြသည့် ဒေသခံမြန်မာမျိုးနွယ်များက ကြိုဆိုကြသည်။

လှူဖွယ်ပစ္စည်းများလှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကန်တော့ကြပြီး ပူဇော်ရန် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် သပိတ်၊ သင်္ကန်း အစရှိသောလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသခံမြန်မာမျိုးနွယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နှုတ်ခွန်းဆက် အားပေးစကားပြောကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် စစ်တကောင်းမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စစ်တကောင်းမြို့ အဂ္ဂရာဘတ်ဟိုတယ်၌ သတင်းဌာနများနှင့် သတင်းစာတိုက်များမှ သတင်းထောက်များအား လက်ခံတွေ့ဆုံပြီး သတင်းထောက်များ မေးမြန်းသည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီး၏ ရည်ရွယ်ချက်၊ ချစ်ကြည်ရေးခရီးအတွင်း နှစ်နိုင်ငံကဏ္ဍစုံ၌ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် ဖလောင်းချိပ်မြို့ရှိ အဂ္ဂမေဓာ မြန်မာဘုန်းတော်ကြီးကျောင်းတွင် ဒေသခံ မြန်မာမျိုးနွယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ နှုတ်ခွန်းဆက်အားပေးစကားပြောကြား၍ လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်တကောင်းမြို့ အဂ္ဂရာဘတ် ဟိုတယ်၌ သတင်းဌာနများနှင့် သတင်းစာတိုက်များမှ သတင်းထောက်များအား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

8-4 (8).p65 2 3/24/05, 11:14 PM

ထို့သို့ တွေ့ဆုံရာတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ Minister For Foreign Affairs , Mr. M. Morshed Khan၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်တို့တက်ရောက်ကြသည်။

ဂုဏ်ပြုညစာတည်ခင်း

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. M. Morshed Khan က စစ်တကောင်းမြို့ အဂ္ဂရာဘတ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. M. Morshed Khan နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တို့သည် မိန့်ခွန်းအသီးသီးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ ညစာသုံးဆောင်ကြသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မောင်ဦး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာသံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပါလီမန်အမတ်များ၊ ဒေသအာဏာပိုင်များ၊ စစ်တကောင်းမြို့တော်ဝန်၊ ကောင်စစ်ဝန်ချုပ်များ၊ ကုန်သည်ကြီးများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာစားပွဲအပြီးတွင် ဧည့်သည်တော်များအား ရိုးရာယဉ်ကျေးမှုကပွဲဖြင့် ဧည့်ခံဖျော်ဖြေသည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. M Morshed Khan က စစ်တကောင်းမြို့ အဂ္ဂရာဘတ်ဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

(သတင်းစဉ်)

မှတ်တမ်းတွင် လက်မှတ်ရေးထိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဟာသုခဆုတောင်းပြည့် စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော် မှတ်တမ်းတွင်လက်မှတ်ရေးထိုးစဉ်။

(သတင်းစဉ်)

အထိမ်းအမှတ် ကျောက်စာတိုင်ဖွင့်လှစ်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား Ramu (ပန်းဝါ)တွင် Bangladesh-Myanmar Friendship Road တည်ဆောက်ခြင်း အထိမ်းအမှတ် ကျောက်စာတိုင်ဖွင့်ပွဲသို့ တက်ရောက်ရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှမြင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ Minister for Communications Barister Nazmul Huda တို့က အထိမ်းအမှတ်ကျောက်စာတိုင်ကိုဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား Ramu(ပန်းဝါ)တွင် Bangladesh-Myanmar Friendship Road တည်ဆောက်ခြင်း အထိမ်းအမှတ် ကျောက်စာတိုင်ဖွင့်ပွဲသို့ တက်ရောက်ရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ Minister for Communications Baristar Nazmul Huda တို့က အထိမ်းအမှတ်ကျောက်စာတိုင်ကို ဖွင့်လှစ်ပေးကြပြီး အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မြဝတီမြို့ တရားစခန်းဖွင့်

ရန်ကုန် မေ ၇

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊သိရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာနှင့် စစ်ကိုင်းတောင်ရိုး ကျစွာချောင် မဟာဝိဇယရံသီစာသင်တိုက်နှင့်မဟာအတုလရံသီ ဓမ္မရိပ်သာတို့၏ ပဓာန နာယက စစ်ကိုင်းတောင်ရိုး ဝါးချက် ဓိဝိတဒါန သံဃာ့ဆေးရုံ၏ ပဓာနဦးဆောင်ဆရာတော် အဂ္ဂမဟာကမ္မ ဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ လက္ခဏမထေရ် မြတ်သည် ကရင်ပြည်နယ် မြဝတီမြို့ (၅)ရပ်ကွက် ကိုးနဝင်းဇောတိရတနာစာသင်တိုက်၌ မေ ၂၀ ရက်မှ ၂၇ ရက်ထိ ခုနစ်ရက်တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ တရားအားထုတ်လိုသူများ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များ အမျိုးသားပြတိုက် ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ ၂၀၀၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲရန် ရန်ကုန်မြို့တွင်ရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားတိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးစန်းဝေလိုက်ပါလျက် မေ ၆ ရက်တွင် အမျိုးသားပြတိုက်သို့သွားရောက်ကြည့်ရှုလေ့လာကြရာ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နုမြဲနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထစ်ချုန်းရွာမွယ်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၀)

ပြောပြန်ရင်လဲ ပေါက်စလွန်ရာကျဦးမယ်ဗျာ။ ဒါပေမယ့် မပြောဘဲ ငြိမ်နေရင်လဲ သူတို့ပြောသမျှ၊ လုပ်သမျှတွေကို ဟုတ်လှချည်ရဲ့ဆိုပြီး ကိုယ့်ကိုယ်ကို အထင်ကြီးရင်းကြီးရင်းနဲ့ ကောင်းကင်လေစီးနေမှာကတော့ အသေအချာပေါ့ဗျာ။

အဲ- အဖြစ်ကတော့ မနှစ်ကအတိုင်းပါပဲဆိုသလိုပေါ့ဗျာ။ ၂၀၀၄ခုနှစ် မတ်လ၂၅ရက်နေ့က အမေရိကန်ကွန်ဂရက်လွှတ်တော်မှာ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ ကြားနာမှုလုပ်တယ်ဗျာ။ နောက်ဆုံးပေါ် အသစ်ကျပ်ချွတ် ပူပူနွေးနွေး NLDပြည်ပြေး၊ ဝရမ်းပြေးလွှတ်တော်အမတ်ဆိုသူ ဒေါ်စန်းစန်းတို့က ထုံးတမ်းစဉ်လာမပျက် ဓာတ်ပြားဟောင်းကြီးဖြစ်တဲ့ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို လုပ်ကြံလီဆယ်တဲ့ စကားတွေနဲ့ မဟားတရားပုတ်ခတ်ကြပြီး သကာလ နောက်ဆုံးနိဂုံးချုပ်ဓာတ်သိမ်းသီချင်းကတော့ မြန်မာနိုင်ငံကို ဆက်၍ဆက်၍ စီးပွားရေးဒဏ်ခတ် ပိတ်ပင်ပေးပါတဲ့ခင်ဗျာ။

အဲသလိုမျိုး ခေါက်ရိုးကျိုး ရေခဲရိုက်ထားတဲ့ တစ်ခါလာမဲပြာပုဆိုးလို မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို လုပ်ကြံလီဆယ်တဲ့ ပုတ်ခတ်မှုတွေနဲ့ ပတ်သက်ပြီး ပေါက်စက ထောက်ပြချေပ ရှင်းလင်းရတာတွေလဲ အပ်ကြောင်း ထပ်နေတော့ ထပ်မံပြီး နတ်သံနှောလို့ မပြောချင်တော့ဘူးဗျာ။

သို့သော်လဲပေါ့ဗျာ၊ နောက်ဆုံးပေါ် အသစ်ကျပ်ချွတ် ပူပူနွေးနွေး NLD ပြည်ပြေး၊ ဝရမ်းပြေးလွှတ်တော်အမတ်ဆိုသူ အမျိုးသမီး အကောင်းစားကြီးက ရွတ်ဖတ်သွားတဲ့အထဲမှာ ဘယ်လိုကလီကမာတွေ ပါလာသလဲ ဆိုရင် သူ့ကိုသတ်ပစ်မှာစိုးရိမ်တဲ့အတွက် တိုင်းပြည်က ထွက်ပြေးခဲ့ရတယ်လို့ ပြောလိုပြော၊ မြန်မာပြည်သူတွေဟာ သန့်ရှင်းတဲ့ ရေတောင် မသောက်ရလို့ သေဖို့ဒဏ်ဆက်ပြီး ခံနေရတယ်လို့ ပြောလိုပြောနဲ့ စိတ်ကော ကောင်းသေးရဲ့လားခင်ဗျာ။ အဲ- ခေတ်ကာလသားသမီးတွေရဲ့စကားကို ပေါက်စငှားရမ်းပြောရရင် အဲဒီအမျိုးသမီးအကောင်းစားကြီးရဲ့ ဦးနှောက်ဟာ ဘယ်နှစ်ခန်းလောက် ဖောက်ပြန်ပျက်စီးနေသလဲဗျာ။

ဘယ်လိုလဲခင်ဗျာ၊ ကိုယ့်ကိုယ်ကို အထင်ကြီးတစ်ခွဲသားနဲ့ ပြည်ပြေး၊ ဝရမ်းပြေးလုပ်စားရင် ငါ့အဆင့်နဲ့ဆို အရမ်းအရမ်းချီးမြှင့်မြှောက်စားပြီး သူကောင်းပြုမှာပဲဆိုတဲ့ စိတ္တဇအစွဲအလမ်းနဲ့ မြန်မာနိုင်ငံရဲ့ခြံစည်းရိုး ခွေးတိုးပေါက်က လေးဖက်ထောက်ထွက်သွားခဲ့တာကိုပဲ အထင်ကြီးအောင် ဖြီးရှော့ရိုက်ပြနေတာဟာ ဒီမိုကရေစီလိုလားသူဟူသော ပုဂ္ဂိုလ်ကြီးငယ်ရွယ်လတ် ပြည်ပြေး၊ ဝရမ်းပြေး အထီး၊အမတွေရဲ့ ကိုယ်ကျင့်သီလတရားအဖြစ် ပေါက်စ မှတ်သားရမှာပေါ့ဗျာ။

ဘာလို့လဲဆိုတော့ အဲဒီ NLD ပြည်ပြေး၊ဝရမ်းပြေး လွှတ်တော်အမတ်ဆိုသူ အမျိုးသမီးကို ဘယ်သူကမှုလဲ အရေးတယူအထင်တကြီးနဲ့ စောင့်ကြပ်ကြည့်ရှုမနေပါဘူးခင်ဗျာ။ အဲသလို အထင်တကြီးနဲ့ သက်ဆိုင်ရာက အခါမလပ် စောင့်ကြပ်ကြည့်ရှုနေခဲ့ရင်လဲ အခုလိုမျိုး ခြံစည်းရိုး ခွေးတိုးပေါက်က လေးဖက်ထောက်ပြီး ထွက်သွားလို့ မရရေးချ မရပါဘူးခင်ဗျာ။

တစ်ခုတော့ရှိသပေါ့ဗျာ၊ ပေါက်စ မတောက်တခေါက် ဖတ်ဖူးမှတ်ဖူးတဲ့ စိတ်ပညာဘုတ်အုပ်အချို့ရဲ့ အဆိုရကတော့ ကိုယ့်ကိုယ်ကို သိပ်ပြီး အထင်ကြီးလွန်းသူတွေနဲ့ သိပ်ပြီး စိတ်ဓာတ်ရေးရာ ကျဆင်းသိမ်ငယ်လွန်းသူတွေဟာ အဲ-စာသံပေသံ ကျမ်းဂန်သံနဲ့ ပြောရရင် စိတ်ဓာတ်ရေးရာ မူမှန်သဘာဝ မဟုတ်ဘဲ အစွဲအလမ်းတစ်ခုခုနဲ့ အစွန်းရောက်နေတဲ့သူ တွေ ဖြစ်လို့ ကိုယ့်အရိပ် ကိုယ်ပြန်ခြောက်ပြီး ကြောက်လန့်တကြားနဲ့ လေတိုက်လို့ သစ်ရွက်ကလေးလှုပ်တာတောင် သရဲခြောက်သလိုမျိုး ဖြစ်တတ်သတဲ့ဗျာ။ အဲသဟာကို စိတ်တည်ငြိမ်မှုမရှိတဲ့ စိတ်ကစဥ့်ကလျားရောဂါ ဖြစ်တယ်ဆိုလားပဲဗျာ။

အခုလဲ နောက်ဆုံးပေါ်အသစ်ကျပ်ချွတ် ပူပူနွေးနွေး NLD ပြည်ပြေး ဝရမ်းပြေး အမျိုးသမီးအကောင်းစားကြီးဟာ စိတ်ကစဥ့်ကလျား ရောဂါ စွဲကပ်ပြီး မဟုတ်မမှန်စကားနဲ့ ကိုယ့်ကိုယ်အထင်ကြီးအောင် ပုံကြီးချဲ့ ရွှေဘောင်ခတ်လို့ ကြော်ငြာကပ်ပြနေတာလားခင်ဗျာ။ အဲသလိုဆိုရင်တော့ အမေရိကန်က စိတ်ရောဂါကုဆေးရုံမှာ အမြန်တကာ့ အမြန်ဆုံး တက်ရောက်ပြီး ဆေးကုသခံယူဖို့ လိုအပ်နေတဲ့အကြောင်း ပေါက်စ စေတနာကောင်းနဲ့ အကြံပြုစကားကို အခမဲ့ပါးလိုက်ပါရစေခင်ဗျာ။

အဲ-အဲ- ကျန်သေးသဗျ၊ မမှန်ရေးချ မမှန်တဲ့ ပလီဉာဏ်နှောပြီး ပြောတဲ့စကားက မြန်မာပြည်သူတွေဟာ သန့်ရှင်းတဲ့ရေတောင် မသောက်ရလို့ သေဖို့ဒဏ်ဆက်ပြီး ခံနေရတယ်ဆိုပါလားဗျာ။ ကြားကြားသမျှ မြန်မာပြည်သူ ခုနစ်ရက် သားသမီးအပေါင်းကတော့ ရယ်ရလွန်းလို့ ဖတ်ဖတ်မော ရင်ဘတ်နောက်က ကျောဆိုပြီး တသောသောနဲ့ ရယ်လို့မဆုံး တအုန်းအုန်းပဲဆိုတာ အဲဒီနောက်ဆုံးပေါ် NLD ပြည်ပြေး၊ဝရမ်းပြေး အမျိုးသမီး အကောင်းစားကြီး မသိသေးလို့ပါဗျာ။ သိများသိရင် ရောဂါပိုးကျွမ်းသွားမှာ ပေါက်စ ကြားကနေ အခမဲ့ စိုးရိမ်နေမိသဗျ။

ပြည်မာပြည်သူ ခုနစ်ရက်သားသမီးများအားလုံး သိတော်မူကြတဲ့ အတိုင်း ပေါက်စတို့ နိုင်ငံမှာ ရေတွေဘယ့်ကလောက် သန့်သန့်ရှင်းရှင်း သောက်ရသလဲဆိုတာ ညစဉ်ညစဉ် မြန်မာ့ရုပ်သံတို့၊ မြဝတီရုပ်သံတို့မှာ သောက်ရေသန့် ကြော်ငြာတွေ တစ်ထောကြီးကြော်ငြာလိုက်တာများ ဒွေးတို့၊ ရာဇာနေဝင်းတို့နဲ့ အိန္ဒြာကျော်ဇင်တို့ အပါအဝင် မော်ဒယ်လ်ဂဲလ်လေးတွေဟာ ရေသန့်ဘူးတွေ ကိုယ်စီ ကိုင်ကိုင်ပြီး သောက်ပြလိုက်၊ ကိုယ်ပေါ်လောင်းပြလိုက်နဲ့ မဟုတ်လားဗျာ။ တစ်ခါတစ်ခါများဆိုရင် ကိုရီးယားဇာတ်လမ်းတို့၊ တရုတ်ဇာတ်လမ်းတို့ကို ကြည့်လို့ကောင်းတုန်း အဲဒီသောက်ရေသန့် ကြော်ငြာတွေ ဝင်ဝင်လာလို့ သူတို့ခမျာ ရုပ်သံပရိသတ်တွေရဲ့ မေတ္တာပို့သံကို အချောင်ခံခံနေရတဲ့ အထိပါဗျာ။

အဲသဟာအပြင် နိုင်ငံနဲ့အဝန်းရှိနေတဲ့ အဝီစိတွင်း ရေတွေကော၊ မြစ်ရေ၊ ချောင်းရေ၊ကန်ရေတွေကို စစ်ပြီးသွယ်တန်းပို့လွှတ်တဲ့ ပိုက်ရေတွေကော အခုဆိုရင် မိုးပါးရေရှားတဲ့အညာကျေးလက်ဒေသတွေမှာ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းနဲ့ အဝီစိတွင်းတွေ၊ စက်ရေတွင်းတွေကို နိုင်ငံတော်နဲ့ စေတနာရှင်ပြည်သူတွေ ပူးပေါင်းပြီး တူးဖော်ပေးနေသဗျ။ မြန်မာပြည်သူတွေအနေနဲ့ သောက်ရေသန့် သောက်သုံးရေးအတွက် ဘာကမျှအခက်အခဲမရှိပါဘူးခင်ဗျာ။ အဲ-ပေါက်စရဲ့ သွားလေသူကြီးတော် စကားနဲ့ပြောရရင် မြန်မာနိုင်ငံမှာ သန့်ရှင်းလတ်ဆတ်တဲ့သောက်ရေတွေ ဘယ်လောက်ရှိသလဲဆိုတာ မပြောနဲ့ဦး၊ ရုပ်သံတွေမှာ ကြော်ငြာနေတဲ့ အိုအေစစ်တို့၊ ပုပ္ပားတို့၊ အယ်လ်ပိုင်းတို့စတဲ့ သောက်ရေသန့်ဘူးတွေနဲ့ နောက်ဆုံးပေါ် NLD ပြည်ပြေး၊ ဝရမ်းပြေး အမျိုးသမီးလွှတ်တော်အမတ် ဆိုသူကြီးကို ဖို့သတ်လို့တောင် မကုန်နိုင်သေးဘူးဗျာ။

သို့ကလိုမျိုး မဟုတ်တရုတ်တွေကို ပတ်တုပ်လို့မရအောင် အဟုတ်လုပ်ပြီး ပြောတာဟာ ဟစ်စ်တီးရီးယားရောဂါဖြစ်တာတဲ့ခင်ဗျာ။ အဲဒီစကားကို ဘယ်သူ ပြောကြားခဲ့သလဲဆိုရင် ပဲခူးရိုးမပေါ်က ဗကပဌာနချုပ်မှာ ဘဝဟစ်တိုင်အခမ်းအနားလုပ်ပြီး တပ်နီမယ်လေးများက ဗကပခေါင်းဆောင်တွေဖြစ်တဲ့ ဂိုရှယ်ခေါ် ရဲဘော်ဘတင်တို့၊ ရဲဘော်ငွေးတို့ကို စိတ်ကူးရှိသလောက် စွဲချက်တင်ပုတ်ခတ်

ပေါက်စ

နေတော့ အဲဒီတပ်နီမယ်လေးများဟာ ဟစ်စ်တီးရီးယားရောဂါဖြစ်နေတာလို့ ဂိုရှယ်ခေါ် ရဲဘော်ဘတင်က တော်လှန်သောတပ်နီမယ်လေးများရဲ့ တော်လှန်သောဝါးရင်းတုတ်လက်ချက်နဲ့ အသက်မထွက်မီမှတ်ချက်ချသွားတဲ့အကြောင်း သခင်သန်းထွန်း၏ နောက်ဆုံးနေ့များဆိုတဲ့ ဘုတ်အုပ်အထူကြီးမှာ ပေါက်စ ဖတ်မှတ်ဖူးခဲ့သဗျ။

ခက်တော့လဲ အခက်သားလားဗျာ၊ ပြောနေတာက ဒီမိုကရေစီမှတစ်ပါး အခြားမရှိသလိုမျိုး လုပ်နေတာက ကိုယ်ကျိုးစီးပွားမှတစ်ပါး အခြားမရှိဆိုသလို ဖြစ်ဖြစ်နေတော့ ပေါက်စစိတ်ပိန်တယ်ဗျာ။ နိုင်ငံနဲ့လူမျိုးအတွက် လုပ်ကြကိုင်ကြတဲ့ စေတနာမှန်ထားကြတယ်ဆိုရင်လဲ အရှိကို အရှိအတိုင်း၊ အဖြစ်ကို အဖြစ်အတိုင်း အရိုးခံသဘောနဲ့ ပြောကြဆိုကြပေါ့ဗျာ။ အခုလိုတွေ အမှန်တရား၊ အရှိတရားတွေကို ကျောခိုင်းထားပြီး ပါးစပ်ထဲရှိသမျှ စိတ်ကူးရှိသလောက် ပြောချင်ရာ ပြောနေတိုင်း ယုံမှတ်ပြီးပုံအပ်ချီးမြှင့်နေသူများကလဲ အသိတရားနဲ့ နားထောင်ပြီးမှ လုပ်သင့်တာလုပ်ကြဖို့ ကောင်းတယ်ဗျာ။

အခုဟာ ခါးတောင်းတော့ကျိုက်ပါရဲ့ ဟဂ္ဂါတခြား ခေါင်းတခြားဖြစ်နေတာဟာ လူရယ်စရာပေါ့ဗျာ။ ဒီနေ့ကာလမှာ ပြည်ပမှာ ပြည်ပြေး၊ဝရမ်းပြေး လုပ်စားနေတဲ့သူတွေနဲ့ ဒုက္ခသည်လုပ်စားနေသူတွေဟာ ဒီမိုကရေစီအကြောင်း ပြပြီး ကိုယ်ကောင်းစားဖို့ အချောင်စားရဖို့အတွက် နိုင်ငံရေးလုပ်စားနေတဲ့ ဖိုးတွမ်တီးက အများစုပါဗျာ။

ရှင်းရှင်းလေးပဲဗျာ၊ ပြည်ပမှာ ဒီမိုကရေစီသူရဲကောင်းကြီးတွေလိုလို၊ ဒီမိုကရေစီဒုက္ခသည်လိုလို အချိုးမျိုးတွေဟာ ကိုယ်နဲ့ကိုယ့်အုပ်စု ကိုယ့်ပါတီကိုတော့ ဟိမဝန္တာချီးမွမ်းခန်းတွေဖွင့်ကြ၊ ပြည်တွင်းမှာ ဒီမိုကရေစီအတွက် အသက်လုပ်ကြံခံရမယ့်အထိ စွန့်လွှတ်စွန့်စားခဲ့ရသလို၊ အကျဉ်းထောင်ထဲမှာ ဘယ်လောက်ကြာနေခဲ့ရပြီး ဘယ်လိုတွေ နှိပ်စက်ခံရသလို။ အဲသလိုတွေ ပြောကြ ဆိုကြ ပုံကြီးချဲ့ကြတယ်ဗျာ။ နိုင်ငံနဲ့လူမျိုးကိုတော့ မှိုချိုးမှျစ်ချိုးနဲ့ သိက္ခာချ ပုတ်ခတ်ကြတယ်ဗျာ။ ပေါက်စတို့ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ အဆင်းရဲဆုံး၊ အနိမ့်ကျဆုံး၊ အပျက်စီးဆုံး၊ မလုံခြုံဆုံး၊ မတည်ငြိမ်ဆုံး၊ ရာဇဝတ်မှုအများဆုံး၊ ရောဂါအထူဆုံး၊ မူးယစ်ဆေးဝါးအထုတ်လုပ်ဆုံး စတဲ့ မကောင်းတာမှန်သမျှ မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတွေခံကြ၊ တို့ကတော့ တို့ကတော့ ပြည်ပမှာစံကြပေါ့ဗျာ။

အဲသလောက် ဖောက်ပြန်တဲ့သူတွေဟာ သိက္ခာရှိတဲ့ နိုင်ငံရေးသမား မဟုတ်ဘူးခင်ဗျာ။ ပေါက်စက နိုင်ငံရေးသမားကို ဆန့်ကျင်တာမဟုတ်ဘူးဗျာ။ နိုင်ငံရေးသမားဆိုတာ ကိုယ်ယုံကြည်ရာကို ရိုးရိုးသားသားလုပ်ကြပေါ့ဗျာ။ အခုဖြစ်နေတာက ပြည်ပရောက်သွားတာနဲ့ ဒုက္ခသည်လျှောက်ဖို့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ သူတို့ရဲ့ ဇနီး၊ မယား၊ သားသမီးနဲ့ မိဘဆွေမျိုးတွေကို သူတို့ဟာ ဒီမိုကရေစီတိုက်ပွဲဝင်ခဲ့တဲ့အတွက် တရားရုံးက ပြစ်ဒဏ်ချတာ ခံခဲ့ရတယ်ဆိုတဲ့အကြောင်း၊ တရားရုံးရဲ့အမိန့်စာအတုတွေ၊ တရားရုံးတံဆိပ် အတုလုပ်ပေးကြဖို့ မှာကြားကြသဗျ။ လုပ်ပေးပြီး ပို့တဲ့လူကလဲ ပို့ပေးကြသဗျ။

ဘယ့်နှယ်ဗျာ၊ မြန်မာနိုင်ငံမှာ လက်ကြောတင်းအောင် လုပ်မစားချင်သူတွေက ပြည်ပမှာ ဒီမိုကရေစီ ဒုက္ခသည် လုပ်စားဖို့အတွက် ဘာပြစ်ဒဏ်မျှလဲမခံရ၊ တစ်ခါဖူးမျှလဲ အရေးယူမခံရဘဲနဲ့ အခုလို ကလိမ်ကကျစ် ဖိုးတွမ်တီးနည်းစနစ်တွေကို အပီကျင့်သုံးနေကြတာဟာ ဒီမိုကရေစီ ဖြစ်ထွန်းရေးလား၊ သူတို့ရဲ့ကိုယ်ကျိုးစီးပွား ဖြစ်ထွန်းရေးလားဆိုတာ မူလတန်းကျောင်းသားလေးကတောင် ခွဲခွဲခြားခြားနားလည်ကြပါတယ်ဗျာ။

သို့သော်လဲတဲ့ဗျာ၊ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံအချို့ဟာ အဲသလိုမျိုး အတုလား၊ အစစ်လားဆိုတာ မခွဲခြားတတ်တာလား၊ ဒါမှမဟုတ် ဒီမိုကရေစီအသံမြည်ရင် ပြီးရောဆိုတဲ့ သဘောထားနဲ့ အတုလား၊ အစစ်လား ဆိုတာ မခွဲခြားချင်တာလားခင်ဗျာ။ အဲ- ကွဲကွဲပြားပြားခွဲခြားပြီး သိချင်ရင်တော့ အဲဒီနိုင်ငံတွေမှာရှိတဲ့ ပေါက်စတို့ မြန်မာနိုင်ငံရဲ့ သံရုံးတွေမှာ မေးလိုက်ရင် မြန်မာနိုင်ငံတရားရုံးက အမိန့်စာဟုတ်၊မဟုတ်နဲ့ တရားရုံး တံဆိပ် မှန်၊မမှန် ဧကန်ဧကေသိရမှာပဲခင်ဗျာ။

အဲသလိုမဟုတ်ဘဲ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံအချို့က အခုလို ဒီမိုကရေစီဖိုးတွမ်တီးများက လိမ်စားတာကိုပဲခံစားနားလည် ခွင့်လွှတ်စွာနဲ့ ဒီမိုကရေစီဝေသန္တရာထုံးနှလုံးမူပြီး ရှိတာတွေအကုန်ယူ၊ အကုန်ယူဆိုသလိုမျိုး ဒီမိုကရေစီအလှူတော်မဏ္ဍပ်ထိုးလို့ ဒီမိုကရေစီ မိုးကြီးရွာပါဆိုရင်တော့ ပေါက်စ သနားတယ်ဗျာ။

ထားလိုက်တော့ဗျာ၊ အမေရိကန်ကွန်ဂရက်လွှတ်တော်မှာ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ ကြားနာမှုလုပ်တဲ့ပွဲ ကို NLDပြည်ပြေး၊ ဝရမ်းပြေးလွှတ်တော် အမတ်ဆိုသူ အမျိုးသမီးကြီးက အမြီးအမောက်မတည့်တဲ့ စကားတွေနဲ့ ရမ်းရမ်းကားကား လုပ်ကြံပုတ်ခတ်ပြီး မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးကိုကော၊ မြန်မာနိုင်ငံအစိုးရကိုကော သိက္ခာချနေသလိုပဲ ပြည်တွင်းမှာရှိနေတဲ့ အချို့အချို့သော ပုဂ္ဂိုလ်ကြီးများကလဲ ကြေညာချက်တွေ၊ ဝေဖန်ချက်တွေ၊ သုံးသပ်ချက်တွေ၊ ထင်ရာမြင်ရာတွေ ဟောပြောရေးသား ဗျူးစကားတွေနဲ့ ကြားဖြတ်အာဏာရရေးအတွက် ခြေဖျားထောက်ပြ၊ ရင်ကော့ပြနဲ့ နိုင်ငံရေး သူငယ်ပြန်ရောဂါထနေတာ ကြားရတော့ ပေါက်စရယ်ရတယ်ဗျာ။

အဲ- စကားလမ်းကြုံလို့ နိုင်ငံရေးသူငယ်ပြန်ဆိုတဲ့ ဝေါဟာရစကားကို ပေါက်စ ဘယ်ကကြားနာမှတ်သားခဲ့ရသလဲဆိုတာ အတိုကျဉ်းပြီးရှင်းပါရစေခင်ဗျာ။ ဒီလိုပါခင်ဗျ၊ ကြေးမုံဦးသောင်း(ခေါ်) အောင်ဗလက မြန်မာပြည်လွတ်မြောက်ရေးညွှန့်ပေါင်းအဖွဲ့အနေနဲ့ မြန်မာနိုင်ငံရဲ့ လမ်းပြမြေပုံကို ထောက်ခံရမလားဆိုပြီး မြန်မာပြည်လွတ်မြောက်ရေးညွှန့်ပေါင်းအဖွဲ့နဲ့ ဒေါက်တာဇာနည်အပါအဝင်အဖွဲ့ခေါင်းဆောင်တွေကို ဝေဖန်တိုက်ခိုက်တဲ့အတွက် ထိုင်းနိုင်ငံ Webster University မှာ နိုင်ငံတကာဆက်ဆံရေးပညာသင်ယူနေတဲ့ နောက်ဆုံးနှစ်ကျောင်းသား ကျော်လင်းဦးက တုံ့ပြန်ဝေဖန်လိုက်တဲ့ **နိုင်ငံရေးသူငယ်ပြန်သူတွေဘေးဖယ်** ခေါင်းစဉ်ပါ ဆောင်းပါးကို ပေါက်စ အင်တာနက်သတင်းမှာ ဖတ်လိုက်မိတယ်ဗျာ။

အဲဒီဆောင်းပါးမှာ ကျော်လင်းဦးက ကြေးမုံဦးသောင်း(ခေါ်)အောင်ဗလကို ဘယ်လို တုံ့ပြန် ဝေဖန်ထားသလဲဆိုရင် ညွှန့်ပေါင်းအဖွဲ့ကြီးက ဗိုလ်ချုပ်ကြီးခင်ညွှန့်ရဲ့ လမ်းပြမြေပုံကို ထောက်ခံတယ်ဆိုရာမှာလဲ သေချာတဲ့အကြောင်းပြချက်နဲ့ တိကျတဲ့အခြေအနေကို ဖော်ပြပြီးတော့မှ ထောက်ခံထားတာဖြစ်ပြီး အဲဒီထောက်ခံချက်ကို ပြည်ပရောက် မြန်မာပညာရှင် ၃၀ကျော်တို့က တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် ဦးသောင်းအနေနဲ့ ကလောင်တစ်ချောင်းကိုင်ပြီး ထင်တိုင်းရမ်းနေမယ့်အစား မြန်မာ့နိုင်ငံရေးအခြေအနေကို လက်တွေ့ကျကျ သုံးသပ်ဆင်ခြင်ဖို့ လိုအပ်ပါလိမ့်မယ်လို့ ဝေဖန်ထားသလို ဆက်ပြီးဝေဖန်ထားတာက ဒီကနေ့ မြန်မာပြည်သူလူထုဟာ ဦးသောင်းတို့လို သမီးကော သားကော မယားပါသားကိုပါ အမေရိကန်နိုင်ငံကို ခေါ်ထားနိုင်တဲ့ အခွင့်အရေးမျိုးမရှိပါဘူးတဲ့။ အဲ- ဆောင်းပါးနိဂုံးမှာ ဘယ်လိုဝေဖန်ထားသလဲဆိုရင် ဒါကြောင့် ဦးသောင်းအနေနဲ့ နိုင်ငံရေးသူငယ်ပြန်နေတဲ့ အယူအဆတွေကို ရပ်တန်းကရပ်ပြီး မြန်မာပြည်သူလူထုအကျိုးအတွက် လက်တွေ့ကျတဲ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲတစ်ရပ်ဖြစ်ပေါ်စေရေးကို ကြိုးပမ်းအားထုတ်ပေးဖို့ လိုပါတယ်တဲ့ခင်ဗျာ။

ကဲ- အဲသလောက်ဆိုရင် မြန်မာပြည်သူ ခုနစ်ရက်သားသမီးများအားလုံးက ခံစားနားလည်နိုင်ကြမှာဖြစ်တော့ ပေါက်စစကားဖြတ်ပြီး အနားသတ်ရရင် ပေါက်စတို့ကတော့ မြန်မာပြည်မှာမွေးပြီး မြန်မာပြည်မှာပဲ ခေါင်းချကြမှာဖြစ်တော့ မြန်မာပြည်ကြီး တိုးတက်ကြီးပွားရင် ပေါက်စတို့လဲခံစားရမှာပေါ့ဗျာ။ ပြည်ပြေးတွေကတော့ ပြည်ပမှာစည်းစိမ်ခံစားနေရတော့ မြန်မာပြည် ဘာဖြစ်ဖြစ် သူတို့ဂရုမစိုက်ဘူးပေါ့။ မြန်မာနိုင်ငံရဲ့ ပြောင်းလဲတိုးတက်ဖြစ်ပေါ်နေတဲ့ ပကတိအခြေအနေကို မျက်ကွယ်ပြု လျစ်လျူရှုပြီး ကိုယ်နဲ့ ကိုယ့်ပါတီ ကိုယ့်အုပ်စုအကျိုးစီးပွားအတွက် အရှက်မဲ့စွာ လုပ်ကြံပုတ်ခတ်နေကြကုန်သော ပြည်ပြေး၊ဝရမ်းပြေး လွှတ်တော်အမတ်ဆိုသူ အမျိုးသမီးကြီးနဲ့ ပြည်ပမှာ ဇနီးမယား သမီးသားများနဲ့ ကြီးပွားချမ်းသာနေတဲ့ ကြေးမုံမောင်သောင်း(ခေါ်)အောင်ဗလတို့လို ပြည်ပြေးများဟာ စိတ်ကစဥ့်ကလျားရောဂါနဲ့ ဟစ်စ်တီးရီးယားရောဂါပါ စွဲကပ်နေတဲ့အပြင် အသက်ကြီးမှ နိုင်ငံရေးသူငယ် ပြန်ရောဂါထနေကြတယ်ဆိုတော့ **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ** ဟူ၍ ပေါက်စ မောင်းတဒူဒူခတ်ပြီး အရပ်သိအောင် အခမဲ့မေတ္တာနဲ့ ကြေညာအပ်ပါတယ် ခင်ဗျာ။ ။

အခြေခံပညာအထက်တန်းကျောင်းခွဲဖွင့်ပွဲ သစ်တောဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မြန်အောင်မြို့နယ် ဇလုပ်မကျေးရွာ၌ ကျင်းပသော အခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဒေါက်တာ သန်းထွဋ်၊ ဒေါင်းကျကျေးရွာ ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ ဦးသာလင်း၊ ကျောင်းအကျိုးတော်ဆောင် ဦးသိန်း အုပ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး သည်။

ထို့နောက် ဖွင့်ပွဲကို ကျောင်းခန်းမ၌ ဆက်လက် ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဧရာဝတီတိုင်း လက်ထောက် တိုင်း ပညာရေးမှူး (စစ်ဆေးရေး) ဦးရဲဖေက ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းအကျိုး တော်ဆောင် ဦးသိန်းအုပ်က ကျေးဇူး တင်စကားပြောကြားသည်။

ယင်းနောက် ကျောင်းအတွက် ကွန်ပျူတာနှစ်လုံးနှင့် အလှူငွေများကို ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်နှင့် အလှူရှင်များကပေးအပ်ရာကျောင်းအုပ် ဆရာကြီးက လက်ခံရယူကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၈-၄-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရ ဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာ ဘိဝံ(ယောဆရာတော်)ဟောကြား တော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၀	၇။	အဆိုပြိုင်ပွဲ
၈း၁၀	၈။	ခါသကြ်န်အဆိုအကများ
၈း၂၅	၉။	နတ်သားတောရေလှောင်တမံ
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၀	၄။	ခါသကြ်န်အဆိုအကများ
၁၆း၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒ အထူးပြုများ) (ရူပဗေဒ)
၁၇း၁၀	၆။	မြန်မာစာ မြန်မာစကား
၁၇း၂၀	၇။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၇း၃၅	၈။	ခါသကြ်န်အဆိုအကများ
၁၇း၅၀	၉။	စည်းကမ်းထိန်းပါမြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်မှာ (အပိုင်း-၅)
၁၈း၀၀	၁၀။	တောင်းဆုပြည့်စုံ မြတ်ဘုရား ရွှေတိဂုံ(အပိုင်း-၄)
၁၈း၃၀	၁၁။	ညနေခင်းသတင်း
၁၉း၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၁၃)
၁၉း၃၀	၁၄။	ခါသကြ်န်အဆိုအကများ
၁၉း၄၀	၁၅။	စုပေါင်းကာကွယ်လမ်းအန္တရာယ် ထိခိုက်မှုမှကင်းစေမယ်(အပိုင်း-၂)
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	မြန်မာဗီဒီယိုဇာတ်လမ်း **"ခွင့်လွှတ်မယ်ဆိုရင်"** (အပိုင်း-၁) (မင်းမော်ကွန်း၊ ခိုင်သင်းကြည်) [ဒါရိုက်တာ- [illegible]]

စာမျက်နှာ ၃ မှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ငွေပင်လယ် ရေလုပ်ငန်း စက်မှုဇုန်ရှိငွေပင်လယ် ငါးပေါင်းမှုန့်စက်ရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုလ်လံရှင်းလင်းပြသသည်။ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားပြီး ငွေပင်လယ် ရေလုပ်ငန်း စက်မှုဇုန်မှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

မြေကွက်များဖော်ထုတ်

ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်သည် လှိုင်သာယာမြို့နယ် ရွှေပြည်သာ တံတားအနီး လှိုင်မြစ်ကမ်း၌ တည်ရှိပြီး အကျယ်အဝန်းမှာ ၂၁၃ ဒသမ ၄၃ ဧကရှိသည်။ ယင်းမြေကွက်ပေါ်တွင် ၂ ဒသမ၅ ဧကမှ ၃ဒသမ ၅ ဧကအထိ ကျယ်ဝန်းသည့် မြေကွက်များဖော်ထုတ်ထားသည်။

ဆောင်ရွက်နိုင်မည်

ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ရေလုပ်ငန်းစက်မှုဇုန်ဖြစ်ပြီး ရေလုပ်ငန်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တစ်နေရာတည်းတွင် One Stop Service ရယူဆောင်ရွက်ရန်၊ Fish Meal Plant၊ Diesel Pump၊ Water Pump၊ Workshop၊ Cold Storage၊ Food Processing Zone၊ Value Added Processing Zone များပြည့်စုံစွာ ပါဝင်သည့်အပြင် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများပါ စီစဉ်ထား ရှိမည်ဖြစ်သည်။ ထို့ပြင် ရေယာဉ်များ ဆိပ်ကမ်း၌ကမ်းကပ်၍ ရေထွက် ပစ္စည်းများကို လွယ်လင့်တကူ ရောင်းချနိုင်ရုံမျှမက ရေယာဉ်ပြင်ဆင်လွှန်းတင် ခြင်းများကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

ပိတောက်လိုပဲ စဉ်အမြဲ

* သင်္ကြန်ပွဲသည်၊ မြန်မာပြည်၏
အတီရှေးခါ၊ ယဉ်ကျေးစွာဖြင့်
သီတာရေဖျန်း၊ စိတ်လန်းကြည်ရွှင်
ရေသဘင်ပွဲ၊ နှစ်ကူးပွဲတည့်။

* ပွဲတကာ့ပွဲ၊ မြန်မာ့ပွဲတွင်
သဘင်ရေပွဲ၊ အတာပွဲကား
အစည်ကားဆုံး၊ တစ်ပြည်လုံး၏
နှလုံးသည်းချာ၊ ပွဲရိုးရာတည့်။

* ရိုးရာအတာ၊ ပွဲမဟာသည်
မြန်မာ့၏ဂုဏ်၊ ယဉ်ကျေးပုံများ
ပြသသွားရာ၊ ချက်အချာတည့်။

* ဤပွဲချိန်ခါ၊ နွေဦးခါ၌
ပြည်ရွာတစ်လျှောက်၊ ပိတောက်ရွှေဝါ
ဖူးပွင့်ကာဖြင့်၊ ပြည်ရွာအနှံ့
ရနံ့မွှေးကြိုင်၊ ထုံသင်းလှိုင်၏။

* နှစ်တိုင်းနှစ်စဉ်၊ပုံသွင်မပျက်
ခက်လက်ဝေဆာ၊ ပိတောက်ဝါသည်
ပြည်ရွာအလှ၊ ပန်ဆင်သသို့
မြန်မာ့သွေးသား၊ မြန်မာများသည်
တို့များမြန်မာ၊ ယဉ်ကျေးတာကို
စဉ်လာအတိုင်း၊ သိုင်းဝိုင်းညီညာ
ပြသကာဖြင့်၊ အတာရေပွဲ
သင်္ကြန်ပွဲတွင်
ဆင်နွှဲကြမည် တို့ယုံကြည်
အစဉ်အမြဲ စိတ်ကြည်လန်းစေမည်
အသွင်လည်းလှမည် တို့မြန်ပြည်။ ။

မေရှ



ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့တွင် တည်ဆောက်လျက်ရှိသော ရွှေတိဂုံပုံတူ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ကြီး၏ ပုံစံငယ်ကိုတွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်)

■ ရွှေတိဂုံပုံတူမှ

ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင် ဝင်းအတွင်း မိကာသနိ ကုန်းတော်တွင် ရွှေတိဂုံပုံတူ မဟာရဋ္ဌာဘိ သာမဂ္ဂီ စေတီတော်ကြီး တစ်ဆူကို တည် ဆောက်လျက်ရှိနေသည်။

လေ့လာကြည်ညို

သို့ဖြစ်၍ မိမိတို့သတင်းအဖွဲ့သည် ၂၀၀၄ခုနှစ် မတ်လ ပထမအပတ် အတွင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ဆိုက်ခေါင်-နမ့်စန်မှ လွိုင်ကော်-တောင်ကြီးခရီးစဉ် တစ်ခုတွင် ပင်လုံ ဒေသသို့ ဝင်ရောက်ခဲ့ပြီး ရွှေတိဂုံပုံတူ စေတီတော်ကြီး တည်ဆောက်မှု လုပ်ငန်းကို ဝင်ရောက်လေ့လာ ကြည်ညိုခဲ့ကြသည်။

မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော် တည်ဆောက်ရေးစီမံကိန်း(ပင်လုံ)အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ လမ်းညွှန်ချက်အရ အေးရှားဝေါ(လ်)ကုမ္ပဏီသည် စေတီ တော် တည်ဆောက်ရန်အတွက် ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၂၂ရက်မှ ၂၆ရက်အထိ ကွင်းဆင်းလေ့လာခဲ့ပြီး ၂၀၀၃ခုနှစ် ဇန်နဝါရီ စတုတ္ထပတ်မှစ၍ ယနေ့ အထိ တည်ဆောက်ရေးလုပ်ငန်းများ ကို အရှိန်အဟုန်မပျက် ဆောင်ရွက် လျက်ရှိနေသည်။

ရွှေတိဂုံပုံတူ

စေတီတော်ကြီး၏ တည်နေရာမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင် ခရိုင်ပင်လုံမြို့ဖြစ်သည်။ စေတီတော် ကြီး၏ဉာဏ်တော်အမြင့်မှာ ရင်ပြင် တော်အထက်မှ ၁၃၅ပေမြင့်ပြီး ရင် ပြင်တော်၏အမြင့်မှာ မြေပြင်မှ အထက် ကိုးပေမြင့်သည်။ စေတီ တော်ကြီးတွင်အရံစေတီရှစ်ဆူ၊ ရင်ပြင် အကျယ် ၆၃ပေ၊ မဟာရံတံတိုင်း အကျယ် ၃၂၆ပေ၊ ပန်းတင်ခုံအမြင့် ပေ၂၀၊ လိုဏ်ခုံးအမြင့် ပေ၅၀၊ မုခ် အဝင်ပေါက်လေးပေါက်၊ သရက်ကင်း လှေကားလေးခု၊ စေတီတော်အမျိုး အစားမှာရွှေတိဂုံပုံတူ(သံကူကွန်ကရစ် အတွင်းလိုဏ်ပုံစံ)ဖြစ်သည်။

စေတီတော်ကြီးတည်ဆောက်ရေး လုပ်ငန်းတွင် အပိုင်း ၁၇ ပိုင်းပါဝင် သည်။ အပိုင်း(၁) 'O' Level (ရင်ပြင်)အထိဆောင်ရွက်ခြင်း၊ အပိုင်း (၂) ၂၁ပေ ခြောက်လက်မ (ပန်းတင် ခုံ)အထိဆောင်ရွက်ခြင်း၊ အပိုင်း(၃) ၅၁ပေခြောက်လက်မ (လိုဏ်ခုံး)အထိ ဆောင်ရွက်ခြင်း၊ အပိုင်း(၄) ပေ ၆၀ Level(ကြည့်ဝန်း)အထိ ဆောင်ရွက် ခြင်း၊ အပိုင်း(၅) ၇၂ပေ Level (ခေါင်းလောင်းရင်းဖွဲ့)အထိဆောင်ရွက် ခြင်း၊ အပိုင်း(၆) ပေ ၈၀ 'O' Level (သပိတ်တော်)အထိ ဆောင် ရွက်ခြင်း၊ အပိုင်း(၇) ၁၀၀ပေ Level (ဖောင်းရစ်တော်)အထိ ဆောင်ရွက်ခြင်း၊ အပိုင်း(၈) ၁၃၅ပေ Level(ငှက်ပျောဖူးတော်)အထိဆောင်ရွက်ခြင်း၊ အပိုင်း (၉)စေတီပုံဖော်အုပ်စီခြင်း၊ အပိုင်း(၁၀) အရံစေတီရှစ်ဆူတည်ဆောက်ခြင်း၊ အပိုင်း(၁၁) မဟာရံတံတိုင်းတည် ဆောက်ခြင်း၊ အပိုင်း(၁၂)တံခွန်တိုင် နှင့်ဂြိုဟ်တိုင်တည်ဆောက်ခြင်း၊ အပိုင်း (၁၃)ရင်ပြတ်တော်ကွန်ကရစ်နှင့်ကြွေပြား ကျောက်ပြားခင်းခြင်း၊ အပိုင်း (၁၅) လျှပ်စစ်မီး လုပ်ငန်းဆောင်ရွက်ခြင်း၊ အပိုင်း(၁၆) ဆေးသုတ်လုပ်ငန်း ဆောင်ရွက်ခြင်း၊ အပိုင်း(၁၇) Land Scaping ဆောင်ရွက်ခြင်းတို့ဖြစ် သည်။

မြန်မာမှုလုပ်ငန်းများစတင်

အေးရှားဝေါ(လ်) ကုမ္ပဏီသည် စေတီတော်တည်ဆောက်ရေးလုပ်ငန်း ကို ပန္နက်တော်တင် မင်္ဂလာနှင့် ရတနာအုတ်မြစ်စီမင်္ဂလာပွဲများ ကျင်းပ ပြီး မြေကြီးတူးခြင်း လုပ်ငန်းကို ကျင်းပေါင်း ၁၆၀၀ တူးပြီး တိုင်ဖိနပ် (Footing) လုပ်ငန်း ၁၀၈ တိုင် ကျင်းများတွင် ဖြိုးနှင့်သဲဖို့ခြင်း မြေပြင်အထိ လုပ်ငန်းများ၊ ပန်းတင်ခုံ မြေကာနံရံဆောင်ရွက်ခြင်းလုပ်ငန်း များကို ရာနှုန်းပြည့် ဆောင်ရွက်၍ ပြီးစီးပြီဖြစ်ပြီး မဟာရံတံတိုင်းဆောင် ရွက်ခြင်း လုပ်ငန်းအား ၁-၉-၂၀၀၃ ရက်တွင် စတင်ပြီး မြေကြီးတူးခြင်း၊ အမာခံကွန်ကရစ် လောင်းခြင်းနှင့် နံရံ အုတ်စီခြင်းလုပ်ငန်းများ ဆောင် ရွက်လျက်ရှိနေသည်။ ပန်းတင်ခုံ လုပ်ငန်းမှာ အကြမ်းထည် လုပ်ငန်း များ ဆောင်ရွက်ပြီးဖြစ်၍ မြန်မာမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သည်။

စေတီတော်ကြီး၏ အကွက်ချ ပုံစံ၊ ပန္နက်ပုံစံ၊ အရှေ့မြင် မတ်ရပ်ပုံစံ၊ ဖြတ်ပိုင်းပုံစံနှင့် မြေစမ်းသပ်ခြင်း လုပ်ငန်းတို့အား သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ရန်ကုန်နည်းပညာ တက္ကသိုလ်မှ ပါမောက္ခများ၊ ဗိသုကာ ပညာရှင်များက ပုံစံပြုရေးဆွဲ ကူညီမှု များပေးခဲ့ကြသည်ဟုသိရသည်။

ထည့်ဝင်လှူဒါန်း

အဆိုပါ ပင်လုံဒေသ၌ ရွှေတိဂုံ ပုံတူ စေတီတော်ကြီး တည်ဆောက် ရေးအတွက် အလှူငွေများကို နိုင်ငံ တော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီရုံး၊ ဝန်ကြီးဌာနများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နှင့် တပ်ရင်းတပ်ဖွဲ့များ၊ အဖွဲ့ အစည်းများ၊ အထူးဒေသများမှ တိုင်းရင်းသား ခေါင်းဆောင်များ၊ သာသနာ့ ဝန်ထမ်း ရဟန်းတော်များ၊ ပင်လုံဒေသမှတစ် ဦးချင်းအလှူရှင်များကထည့်ဝင်လှူဒါန်း လျက်ရှိနေကြသည်။

၂၀၀၅ ခုနှစ်အပြီးတည်ဆောက်

အဆိုပါ ပင်လုံဒေသ မဟာရဋ္ဌာဘိ သာမဂ္ဂီစေတီတော်ကြီး တည်ဆောက် ရေး စီမံကိန်းကို အေးရှား ဝေါ(လ်) ကုမ္ပဏီလီမိတက်သည် နိုင်ငံတော် အစိုးရ၏ တာဝန်ပေးချက် အရ အပိုင်း ၁၇ ပိုင်းခွဲခြားသတ်မှတ်၍ ၂၉-၁-၂၀၀၃ရက်မှ စတင်ဆောင်ရွက်လျက် ရှိရာ စီမံကိန်းလုပ်ငန်းတစ်ခုလုံးကို ၃၁-၁-၂၀၀၅ရက်အပြီး ဆောင်ရွက် သွားမည်ဟုသိရသည်။ ။

(မြန်မာ့အလင်း)

အမှတ် ၁၉၄၈၊ ရန်ကုန်-ပုသိမ်လမ်းမကြီး လှိုင်သာယာ မြို့နယ် April မိသားစုက ဆေး ပဒေသာပင်အတွက်ငွေကျပ်၁၀ သိန်း ကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင် တိုက်၊ သုဒဿနလမ်း၊ (၁၆/၂) ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေး ကူညီမှုအသင်း(ရန်ကုန်)သို့ လာရောက်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေး သန့်နှင့် ဆေးကူညီမှုခေါင်းဆောင် ဒေါက်တာ ဦးအောင်မြင့် တို့က လက်ခံစဉ်။ (က-ပ)

မီးကြွင်းမီးကျန် မရှိရန်
ကျင့်ကြံသတိ အမြဲရှိ

ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေး ဗုဒ္ဓရုပ်ပွားတော်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကပ်လှူ ပရိဘောဂစေတီမဟာဗောဓိပင်စိုက်ပျိုး

ဧပြီ ၅ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဖလောင်းချိပ်မြို့ရှိ အဂ္ဂမေဓာ မြန်မာဘုန်းတော်ကြီးကျောင်းတွင် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကန်တော့ကြပြီး ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် သပိတ်၊ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဧပြီ၅ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး **Mr. M Marshed Khan** က စစ်တကောင်းမြို့ အဂ္ဂရာဘတ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ရိုးရာယဉ်ကျေးမှုကပွဲဖြင့် ဧည့်ခံဖျော်ဖြေပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဂါရဝပြုလက်ဆောင်ပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ရွာတော်မြို့(ဘန်ဒါဘန်မြို့)တံတားကြီးရွာ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည့် ပရိဘောဂစေတီမဟာဗောဓိပင် စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်း ရေကန်ကျောင်း အုတ်မြစ်စီအခမ်းအနားတွင် ရွာတော်မြို့မှ ဦးစောဖြူက သမင်ချိုကို ဂါရဝပြုလက်ဆောင်အဖြစ် ပေးအပ်စဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ကျောင်းတည်ဆောက်ရန်အုတ်မြစ်စီ

ဧပြီ၅ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရွာတော်မြို့ (ဘန်ဒါဘန်မြို့) တံတားကြီးရွာမင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ပရိဘောဂစေတီ မဟာဗောဓိပင် စိုက်ပျိုးခြင်းနှင့် နတ်နဂါးမင်း ရေကန်ကျောင်း အုတ်မြစ်စီအခမ်းအနားတွင် နတ်နဂါးမင်းရေကန် ကျောင်းတည်ဆောက်ရန် အုတ်မြစ်စီပေးစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မာန်ပြေရန်ပြေစေတီတော် အသံမစဲမဟာပဋ္ဌာန်းပူဇော်

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မာန်ပြေရန်ပြေ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ နဝမအကြိမ် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီတွင် စေတီတော်မြတ်ကြီး၏ အနောက်ဘက် အာရုံခံတန်ဆောင်း၌ ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော် ၃၇ပါး ကြွရောက်တော်မူကြပြီး စေတီတော်ဂေါပကအဖွဲ့နှင့်အလှူရှင်မိသားစုများတက်ရောက်ကြသည်။

ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့်ရေစက်ချအလှူတော်မင်္ဂလာပွဲကို ဧပြီ ၁၀ နာရီ မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၈-၄-၂၀၀၄

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ မြန်မာသကြံန်
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၀ ၆။ မြန်မာသကြံန်
၅း၀၀ ၇။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Hypothesis Testing III (စီးပွားရေး၊ စီးပွားစီမံ)
၅း၃၀ ၈။ တိုင်းကျိုးပြည်ပြုဒို့ရှေးရှု
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ မြန်မာ့ရှုခင်း
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာစူး မယ့်ရွှေနဖူးစာ"**(အပိုင်း-၂၄)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ လျှပ်တစ်ပြက်
၁၉။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင်၊ မေတ္တာတရား"**(အပိုင်း-၅)

▼ ကျောဖုံးမှ

သော်လည်းကောင်း၊ နားလည်ရက်နှင့်ဖောက်ဖျက်၍သော်လည်းကောင်း၊ မူးယစ်သောက်စား၍ယာဉ်မောင်းလျှင်သော်လည်းကောင်း၊ မဆင်မခြင်အရှိန်ပြင်းစွာ ယှဉ်ပြိုင်မောင်း၍သော်လည်းကောင်း၊ မော်တော်ယာဉ်၏ ချို့ယွင်းမှုကြောင့်သော်လည်းကောင်း၊ ယာဉ်တိုက်ခိုက်မှု၊ယာဉ်တိမ်းမှောက်မှုများ ဖြစ်နိုင်သည်။

ယနေ့ရန်ကုန်တိုင်း အတွင်းတွင် မော်တော်ယာဉ်စီးရေ တစ်သိန်းခွဲကျော်ရှိရာ အကြောင်းအမျိုးမျိုးကြောင့် ၂၀၀၃ခုနှစ် တစ်နှစ်အတွင်း ယာဉ်တိုက်မှုပေါင်း ၉၃၂မှု ဖြစ်ပွား၍ ၁၅၆၄ဦး ဒဏ်ရာရကာ ၁၂၆ဦး သေဆုံးခဲ့ကြောင်း သိရသည်။

မကြာမီ မဟာသင်္ကြန်ပွဲတော်ကြီးကို ပျော်ရွှင်စွာဆင်နွှဲကြရတော့မည့်လူငယ်တွေအစွမ်းကုန်ပျော်ကြမည်။ ယခုနှစ်ရေကစားမဏ္ဍပ်များ ပိုမိုများလာမည်ဖြစ်သလို ရေပက်ခံကားများလည်း နည်းမည်မဟုတ်ချေ။ သင်္ကြန်တွင်းဖြစ်သဖြင့် လမ်းများရေစိုနေသည့်အပြင် သွားလာရေကစားသူများ လူးလာခတ်နေသဖြင့် ယာဉ်အန္တရာယ်အချိန်မရွေးကျရောက်နိုင်ပေသည်။ တစ်နှစ်တစ်နှစ်အပျော်လွန်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုကြောင့် သေဆုံးထိခိုက်၊ ဒဏ်ရာရသူများမဖြစ်သင့်ဘဲဖြစ်ခဲ့ရသည်။

အောက်ပါဇယားများကိုကြည့်ခြင်းအားဖြင့် အပျော်လွန်မှု၊ ယာဉ်စည်းကမ်းဖောက်ဖျက်မှုတို့ကြောင့် ဒဏ်ရာရမှု၊ သေဆုံးမှုတို့မှာစိုးရိမ်ဖွယ်ရာဖြစ်သည်။

၁၃၆၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင်လည်း ဤကဲ့သို့ မကြုံရလေအောင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြိုတင်ပြင်ဆင်စီစဉ်မှုများနှင့် စပ်လျဉ်း၍ မြန်မာ့အလင်း သတင်းဆောင်းပါးရေးသားရေးအဖွဲ့အား ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းရဲတပ်ဖွဲ့ကြီးမှဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ရှင်းပြသည်။

မေး– ရဲမှူးကြီးခင်ဗျား– ၁၃၆၅ ခုနှစ်မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်မှာ ယာဉ်တိုက်ခိုက်မှုများကင်းဝေးအောင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီကစီစဉ်ဆောင်ရွက်ထားမှုကို သိပါရစေခင်ဗျာ။

ဖြေ– ရန်ကုန်မြို့မှာ နယ်မြေ ခုနစ်ခုခွဲပြီး တပ်ဖွဲ့ဝင်အင်အားအကုန်လောက်နီးပါးနဲ့ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကိုထိန်းသိမ်းဆောင်ရွက်ပါမယ်။ အဓိကကျွန်တော်တို့တာဝန်ကတော့ ယာဉ်တိုက်မှုမဖြစ်ဖို့နဲ့ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ဖို့ပါဘဲ။ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေဖို့အတွက် အဓိကလမ်းမကြီးနဲ့ ဆက်စပ်နေတဲ့ အင်းလျားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဆရာစံလမ်းတို့ကို သင်္ကြန်ရက်အတွင်း တစ်လမ်းမောင်းစနစ်ကျင့်သုံးသွားပါမယ်။

အင်းလျားလမ်းဟာ ပြည်လမ်းနဲ့ ဆက်စပ်နေတဲ့အတွက် တက္ကသိုလ်ရိပ်သာလမ်းဘက်က အဝင်ပဲ ရှိပြီး ပြည်လမ်းဘက်က အထွက်ဖြစ်ပါတယ်။

တက္ကသိုလ်ရိပ်သာလမ်းသစ် (တိုးချဲ့)ဘက်ကဝင်ပြီး ကမ္ဘာအေးဘုရားလမ်းဘက်ကို ထွက်ရပါမယ်။

ဆရာစံလမ်းသည်လည်း ကမ္ဘာအေး ဘုရားလမ်းဘက်ထွက်တဲ့ လမ်းသာရှိရပါမယ်။ ၎င်းလမ်းဘက်မှ မဝင်ရပါဘူး။

မေး– ဟုတ်ကဲ့၊ တစ်လမ်းမောင်းစနစ်ကျင့်သုံးရခြင်းရဲ့ အကျိုးကျေးဇူးကို သိပါရစေခင်ဗျား။

ဖြေ– အကျိုးရလဒ်ကတော့ လမ်းထဲက ရေကစားမဏ္ဍပ်တွေမှာ တစ်စီးပြီးတစ်စီး တန်းစီဝင်ရတဲ့အတွက် ယာဉ်ကြောထပ်ခြင်းများနှင့် မျက်နှာချင်းဆိုင်ကားများမရှိတော့တဲ့အတွက် ယာဉ် ပိတ်ဆို့မှုမဖြစ်တော့ပါဘူး။

မေး– အကယ်၍ စက်ပျက်၍ သော်လည်းကောင်း၊ ယာဉ်တိုက်မှုဖြစ်၍ သော်လည်းကောင်း၊ ယာဉ်တိမ်းမှောက်မှုဖြစ်၍သော်လည်းကောင်းဖြစ်ပေါ်ခဲ့လျှင် ဘယ်လို ဆောင်ရွက်ပါမလဲခင်ဗျား။

ဖြေ– အဲဒီလို တစ်ခုခုဖြစ်ခဲ့ရင် လမ်းပိတ်ဆို့မှုမဖြစ်ရအောင် ဆယ်တင်ယာဉ်(ကရိန်း)ရှစ်စီးကို အရန်သင့်ထားရှိပါတယ်။ ယာဉ်တိုက်မှု ဖြစ်ခဲ့ရင်လည်း အထက်က ပြောခဲ့သော နယ်မြေခုနစ်ခုမှာရှိတဲ့ ယာဉ်မှုစစ်အရာရှိများကို ၂၄နာရီ တာဝန်ချထားသဖြင့် လာရောက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ မူလနေရာမှာရှိပြီး ယာဉ်ထိန်းအပြင် မော်တော်ဆိုင်ကယ်များကို ရှစ်နေရာ တာဝန်ချထားပြီးဖြစ်ပွားရာနေရာကို လာရောက်ရှင်းလင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး– အရေးယူမှုအပိုင်းကို သိပါရစေခင်ဗျား။

ဖြေ– အရေးယူမှု အပိုင်းကတော့ ၈ပေ x ၃ ပေ အရွယ်အစားရှိ "သတိပြုရန်"ဆိုတဲ့ ယာဉ်စည်းကမ်းဆိုင်းဘုတ်ကို အနီခံပေါ်မှာ အဖြူစာလုံးနဲ့ မြင်သာအောင် တားမြစ်ချက်တွေ ဖောက်ဖျက်က အရေးယူမည့်အကြောင်းဖော်ပြထားပါတယ်။ ဒီဆိုင်းဘုတ်တွေကို လှည်းတန်းမီးပွိုင့်၊ ကုက္ကိုင်းမီးပွိုင့်၊ ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်တို့မှာ တစ်ခုစီ ထောင်ထားပါတယ်။

နောက်တစ်ခုက မော်တော်ယာဉ်များ၊ရေကစားသူများ စည်ကားသော ဖျော်ဖြေရေးမဏ္ဍပ်တွေနဲ့ နေ့လယ်ပိုင်း ရေပက်ခံကားတွေခေတ္တနားတဲ့ ကန်တော်ကြီး၊ အင်းလျားကန်နဲ့ ပန်းခြံလိုနေရာမျိုးတွေမှာ ကျွန်တော်တို့အပြင်အရန်မီးသတ်၊ကြက်ခြေနီတပ်ဖွဲ့တို့လဲ ပါဝင်ထိန်းသိမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး– ရဲမှူးကြီးခင်ဗျား၊ သင်္ကြန်ကာလအပြင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီက နောက်ထပ်ယာဉ်အန္တရာယ်ကာကွယ်ဖို့စီစဉ် ဆောင်ရွက်ချက်တွေရှိရင်သိပါရစေခင်ဗျား။

ဖြေ– ဟုတ်ကဲ့ ရှိပါတယ်၊ ကားမောင်းတဲ့အခါ ခါးပတ်ပတ်ဖို့နဲ့၊ ဆိုင်ကယ် စီးတဲ့အခါ ဦးထုပ်ဆောင်းဖို့ ပညာပေးဆောင်ရွက်သွားပါ့မယ်၊ နောက်ပြီး ယာဉ်တိုက်မှုတွေကို ပြန်လည်သုံးသပ်ရရင် ယာဉ်တိုက်မှုဖြစ်တဲ့ ယာဉ်မောင်း၂၇၀၀ကျော်ကို လေ့လာကြည့်တဲ့အခါ ၉၈ရာခိုင်နှုန်းက ယာဉ်မောင်းသင်တန်းမတက်ဘဲ လိုင်စင်ရထားတဲ့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သေချာနားမလည်တာကြောင့်လို့ သုံးသပ်ရပါတယ်။ ဒါ့ကြောင့် နောင်လိုင်စင်ကိုယာဉ်မောင်းသင်တန်းတက်ပြီးမှ လိုင်စင် ထုတ်ပေးရန်စီစဉ်ထားပါတယ်။

နောက်တစ်ခုက အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသားတွေကို စာသင်ချိန်မပျက်ဘဲ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းတွေကို သင်ရိုးညွှန်းတမ်းမှာ ပြဋ္ဌာန်းဖို့စီစဉ်နေပါတယ်။

မေး– အခြား ယာဉ်စည်းကမ်း ထိန်းသိမ်းရေးနဲ့ပတ်သက်လို့ဘာများ ဖော်ပြစေချင်ပါသေးလဲခင်ဗျား။

ဖြေ– "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနဲ့"ဆိုတဲ့ ဆောင်ပုဒ်လိုပဲ လာမည့် မဟာသင်္ကြန်ရက်အတွင်း သွားလာ ပျော်ရွှင်ကြမည့် ရေပက်ခံကားနှင့် မော်တော်ယာဉ်အားလုံး စည်းကမ်းရှိရှိ ရိုးရာအစဉ်အလာကို မထိခိုက်စေဘဲနှင့် ယာဉ်မောင်းများဟာ စိတ်ရှည်ရှည်နှင့် မောင်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို လိုက်နာမယ်ဆိုရင် ယာဉ်တိုက်မှုတွေ မဖြစ်နိုင်ပါဘူးလို့ ရဲရဲကြီး အာမခံပါတယ်ဟူ၍ မြန်မာ့အလင်းသို့ ရှင်းပြလိုက်သည်။ ။ **(မြန်မာ့အလင်း)**

၁၃၆၅ ခုနှစ် မဟာသင်္ကြန်ကာလ ရန်ကုန်မြို့တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့်ပတ်သက်၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယ ရဲမှူးကြီး အောင်နိုင် မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
ဓာတ်ပုံ–ထွေးကြည် (မြန်မာ့အလင်း)

ယာဉ်ကြော ပိတ်ဆို့မှုဖြစ်လျှင် ဆယ်တင်ယာဉ်(ကရိန်း)ဖြင့် မတင် ရှင်းလင်းပေးရန် ဒုတိယရဲအုပ်မိုးသီဟကျော်က ရှင်းပြစဉ်။
ဓာတ်ပုံ–ထွေးကြည် (မြန်မာ့အလင်း)

၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ရေပက်ခံကစားရာမှ ယာဉ်တိုက်မှုအခြေအနေ။

စဉ်	ခုနှစ်	ယာဉ်တိုက်မှု	ဒဏ်ရာရ	သေဆုံး
၁	၂၀၀၁	၆	၂၈	၂
၂	၂၀၀၂	၄	၄	–
၃	၂၀၀၃	၈	၅၂	၁

၂၀၀၄ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း လအလိုက် ယာဉ်တိုက်မှုအခြေအနေ။

စဉ်	လအမည်	ယာဉ်တိုက်မှု	ဒဏ်ရာရ	သေဆုံး
၁	ဇန်နဝါရီ	၁၀၅	၁၄၀	၉
၂	ဖေဖော်ဝါရီ	၈၅	၁၆၀	၆
၃	မတ်	၈၃	၁၀၃	၉

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင်ယာဉ်(ဘတ်စ်ကား)များအား ထိရောက်စွာအရေးယူဆောင်ရွက်ခဲ့သဖြင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများလျော့နည်းကျဆင်းသွားသည်ကို တွေ့ရှိရပါသည်။ ယခုအခါတွင် ဌာနဆိုင်ရာယာဉ်နှင့် Taxi အငှားယာဉ်များမှာလည်း ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်ယာဉ်များမှာမူ ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာမှုမရှိသေးကြောင်းတွေ့ရှိရပါသဖြင့် ယာဉ်တိုက်မှုမဖြစ်အောင် ထိန်းသိမ်းမောင်းနှင်ကြရန်နှင့် ယာဉ်တိုက်မှုဖြစ်ပွားပါက ပြစ်ဒဏ်သတ်မှတ်ချက်များအား မည်သည့်နည်းနှင့်မျှ ကင်းလွတ်ခွင့်ပြုမည်မဟုတ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ကျောက်ဆည်အသင်း(ရန်ကုန်)အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၇

ကျောက်ဆည်အသင်း(ရန်ကုန်)၏ လပတ်အစည်းအဝေးကို မတ် ၃၀ ရက်က အသင်းရုံးတည်ရှိရာ Shop House တိုက် ၁ အခန်း ၃ အနန္တဂုဏ်ရည်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်တွင်ကျင်းပရာ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးမှ ရန်ကုန်ရောက်ကျောက်ဆည်သူ ကျောက်ဆည်သားများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများကို ကူညီဆောင်ရွက်ကြရန်နှင့် ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်စာစစ်ဌာနများမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူများကို ပညာရည်ချွန်ဆု ချီးမြှင့်ရေး၊ နှစ်စဉ်သီတင်းကျွတ်လ၌ ကျင်းပမြဲဖြစ်သော ဆင်လှူပွဲ ကျင်းပရေးကော်မတီသို့ လှူဒါန်းရေး၊ သီတင်းကျွတ်လပြည့်နေ့၌ကျင်းပသော ရွှေသာလျောင်းစေတီတော်မြတ်ကြီး ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ အလှူငွေများပါဝင်ရေးတို့ကို ဆွေးနွေးဆုံးဖြတ်ကြကြောင်း သိရသည်။ **(က–ပ)**

တရုတ်သတင်းစာဆရာအဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံလယ်သမားနေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့–အဖွဲ့ဝင် မစ္စတာလျူကျန်းမိန် ခေါင်းဆောင်သော တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှပြန်လည်ထွက်ခွာသွားကြသည်။ တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များအားပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း) ဦးလှထွန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဆိပ်ဖူးတောင်တောရကျောင်းတိုက် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဆရာတော်ဘဒ္ဒန္တ ဇောတိကဂုဏဝိသိဋ္ဌပူဇာမင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆိပ်ဖူးတောင်တောရ ကျောင်းတိုက်ကြီး၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ဇောတိကအား ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားနှင့် သိက္ခာထပ်ရဟန်းခံ၊ရှင်ပြု၊ သီလရှင်ဝတ်ပွဲနှင့်သစ်ခွဲစက်ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၅ ရက် တွင် ဆိပ်ဖူးတောင်တောရကျောင်းဆိပ်ဖူးတောင်ပရဟိတဂေဟာဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပြည်နယ် သံဃာ့ဝန်ဆောင်ဆရာတော်များ၊ မြို့နယ်သံဃနာယကဆရာတော်များ ကြွရောက်တော်မူကြပြီးအမှတ်(၄၄)ခြေမြန် တပ်မဌာနချုပ် တပ်မှူးဗိုလ်မှူးကြီးသက်နိုင်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးလှဝင်း၊ မြို့နယ်သာသနာရေးမှူး ဦးမောင်ညိုနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီလူမှုထူးချွန်(ပထမဆင့်) ဒေါ်မိမိခင်နှင့် စေတနာရှင်အလှူရှင်များ၊ ဒါယကာ ဒါယိကာမများတက်ရောက်ကြည်ညိုကြသည်။

ဂုဏ်ပြုပူဇော်

ရှေးဦးစွာသိမ်ဆင်းသံဃာတော်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုများကို လောင်းလှူကြသည်။ထို့နောက် အလှူမင်္ဂလာအခမ်းအနားကိုဆက်လက်ကျင်းပရာ ပရိသတ်တို့က နမောတဿသုံးကြိမ်ရွတ်ဆို၍အခမ်းအနားကို ဖွင့်လှစ်ပြီး မြို့နယ်သာသနာရေးမှူး ဦးမောင်ညိုက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ဇောတိက၏ ထေရုပ္ပတ္တိကိုလည်းကောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့် ရွှေတံဆိပ်ဆုရ ဂီတစာဆိုတေးကဗျာမင်းယုက လူးတားညှပ် ထပ်တွန့်ရှစ်ဆယ်ပေါ်တေးထပ်ဖြင့်လည်းကောင်း ဂုဏ်ပြုပူဇော်ကြသည်။

ဆက်လက်၍ ပရိသတ်တို့က ပြည်နယ်သံဃာ့ဝန်ဆောင်ရွှေကျောင်းဆရာတော် ဘဒ္ဒန္တ ကုသလထံမှ ငါးပါးသီလ ခံယူကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တ ကုသလက ရေစက်ချတရားချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၈)နှစ်မြောက်မင်္ဂလာဆုမွန်လွှာ

ကပ္ပတိန် ဦးကျော်ညိမ်း–ဒေါ်မေနီ တို့၏ ၂၄–၅–၂၀၀၄ ရက်တွင် ကျရောက်သော (၁၈)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် လိုရာဆန္ဒပြီးပြည့်ဝသော စိတ်ကြည်နူးချမ်းမြေ့ဖွယ်ရာ မိသားစုဘဝကို သားကြီး ကျော်ဇေရှင်းနှင့်အတူ ထာဝရ ရယူပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်း ပို့သအပ်ပါသည်။

တစ်ဦးတည်းသော ချစ်သားကြီး	–	ကျော်ဇေရှင်း
တူတူမ	–	ဗိုလ်မှူးမောင်မောင်လင်း ဒေါ်ခင်လေးမူ
ချစ်မြေးလေး	–	ရွှေအိမ်လင်း(**EMMA**)

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊လသာမြို့နယ်၊၂၄လမ်းနှင့် ကမ်းနားလမ်းထောင့်၊ အမှတ် –၃၂၆ တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော မြန်မာသီဟ ကုမ္ပဏီလီမိတက် (Myanmar Thiha Company Limited.) သည် အောက်ပါကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင် ဖြစ်ပြီး အဆိုပါ ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် IV –၁၆၀၃/၂၀၀၄ ဖြင့် မှတ်ပုံတင်ခဲ့ပြီးလည်း ဖြစ်ပါသည်။

RAIN FLOWER

မြန်မာသီဟကုမ္ပဏီလီမိတက်သည် အဆိုပါ "**RAIN FLOWER**" ကုန်အမှတ် တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ မီးသတ်ဘူးနှင့် မီးသတ်လုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး ထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါ အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကို ဖြစ်စေ ဆင်တူယိုးမား ပြုလုပ်၍ ထုတ်လုပ်ပြီး ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်းနှင့် လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအီးနုစ်(တရားရုံးချုပ်ရှေ့နေ)
YE NOOS & ASSOCIATES(Law Firm)
အမှတ်၃၀(ပထမထပ်)၊ ၄၄လမ်း၊ရန်ကုန်မြို့။
ဖုန်း–၀၁–၂၉၆၁၃၂၊၂၉၈၅၄၁။

ချန်ပီယံလိဂ်ဒုတိယအကျော့ယှဉ်ပြိုင် အာဆင်နယ် ဖလားသုံးလုံးအိပ်မက်ပျက်ပြယ်

ရန်ကုန် ဧပြီ ၇

ဥရောပချန်ပီယံလိဂ် ဒုတိယအကျော့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ယမန်နေ့ကကျင်းပရာ နာမည်ကြီးရီးရဲမက်ဒရစ်နှင့်အာဆင်နယ်အသင်းတို့ ရှုံးပွဲ နှင့်ရင်ဆိုင်ရပြီး ကွာတားဖိုင်နယ်အဆင့်မှပင် ထွက်သွားရပြီဖြစ်သည်။

မိုနာကိုနိုင်

ပြင်သစ်နိုင်ငံ မိုနာကိုကွင်း၌ ယှဉ်ပြိုင်ကစားသော ဒုတိယအကျော့ ပွဲစဉ်တွင် မိုနာကိုအသင်းက ရီးရဲမက်ဒရစ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ စပိန်နိုင်ငံရီးရဲမက်ဒရစ်ကွင်း၌ ယှဉ်ပြိုင်ကစားသော ပထမအကျော့ ပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရီးရဲမက်ဒရစ်နှင့် မိုနာကိုတို့နှစ်ပွဲပေါင်း ဂိုးအရေအတွက် ချင်းတူညီသော်လည်း အဝေးကွင်းဂိုး အရေအတွက် (Away Goal Rule) အရ မိုနာကို အသင်းက အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

ချယ်လ်ဆီးနိုင်

အင်္ဂလန်နိုင်ငံ အာဆင်နယ် အသင်း၏ ဟိုက်ဘရီကွင်း၌ ယှဉ်ပြိုင်ကစားသော ဒုတိယအကျော့ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းက အာဆင်နယ် အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင် ရရှိသွားသည်။ ချယ်လ်ဆီးအသင်း၏ စတန်းဖို့ဘရစ်ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားသော ပထမအကျော့ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ ချယ်လ်ဆီးအသင်းက အာဆင်နယ်အသင်းကိုနှစ်ပွဲပေါင်းသုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အာဆင်နယ်လက်မှိုင်ချ

အင်္ဂလန် ပရီမီယာရှစ် အမှတ်ပေးဇယား ထိပ်ဆုံး၌ ဦးဆောင်လျက်ရှိသော အာဆင်နယ်အသင်းသည် ဧပြီ ၃ရက်က အက်ဖ်အေဖလားအကြိုဗိုလ်လု ပွဲစဉ်၌ မန်ချက်စတာယူနိုက်တက်အသင်းကိုတစ်ဂိုး–ဂိုးမရှိဖြင့်ရှုံးနိမ့်ကာ ဖလားတစ်လုံးလက်လွတ်ခဲ့ရသည်။ ယခုတစ်ဖန်ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပွဲစဉ်၌လည်း ပရီမီယာရှစ်မှ ဒုတိယ လိုက်နေသော ချယ်လ်ဆီးကို အိမ်ကွင်း၌ ရှုံးနိမ့်ပြန်၍ ဖလားတစ်လုံး လက်လွှတ်ခဲ့ရပြန်ပြီဖြစ်သည်။

အာဆင်နယ်အသင်းသည် ယခု နောက်ပိုင်း၌ နိုင်ပွဲများဆက်ကာ ခြေစွမ်းပြလျက်ရှိခြင်းကြောင့် ချန်ပီယံလိဂ်၊အက်ဖ်အေဖလားနှင့် ပရီမီယာရှစ်ပြိုင်ပွဲများ၌ ဗိုလ်စွဲကာ ဖလားသုံးလုံး ရရှိနိုင်သည်ဟု အများက ထင်ကြေးပေးခဲ့ကြသော်လည်း ယခုအခါဖလားသုံးလုံး အိပ်မက်ပျက်ပြယ်ခဲ့ရပြီဖြစ်သည်။

ပရီမီယာရှစ်၌ အာဆင်နယ်အသင်း ဦးဆောင်လျက်ရှိသော်လည်း ဒုတိယနေရာမှ ချယ်လ်ဆီးအသင်းနှင့် တစ်ပွဲလျော့ ကစားကာ လေးမှတ်သာ ကွာခြားလျက်ရှိသည်။ အာဆင်နယ်အသင်းသည် ဧပြီ ၉ရက်၌ပရီမီယာရှစ်ပွဲစဉ်(၃၁)အဖြစ်လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အနိုင်ရရှိရေးအတွက် ခက်ခက်ခဲခဲကစားရဖွယ်ရှိပြီး ပရီမီယာရှစ် ချန်ပီယံဆုအတွက် ရတက်မအေးရသည့် အနေအထားပင်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ချယ်လ်ဆီးက အာဆင်နယ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ချန်ပီယံလိဂ်ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးသွင်းပေးသူ ဝိန်းဘရစ်(ယာ)နှင့်ဟာနန်ခရက်စပိုတို့ အောင်ပွဲခံပျော်မြူးနေကြစဉ်။ (အင်တာနက်)

ပြင်ဦးလွင်သကြၤန်ရွှေဖလားတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲဧပြီ ၂ရက်၌ကျင်းပမည်

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင်ဂေါက်ကလပ်တို့က ကြီးမှူး၍ ၂၀၀၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်(၄၆)ကြိမ်မြောက် ပြင်ဦးလွင်သကြၤန်ရွှေဖလားတံခွန်စိုက်ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၂ရက်မှ ၁၅ရက်အထိ မန္တလေးတိုင်း ပြင်ဦးလွင် ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional Golfer အဆင့်နှင့် အပျော်တမ်းအဆင့်များ ပါဝင်ပြီး တစ်ဦးချင်းအကျောမဲ့ပြိုင်ပွဲ၊ တစ်ဦးချင်းအကျောပေးပြိုင်ပွဲ၊ အသင်းလိုက် အကျောမဲ့ပြိုင်ပွဲနှင့် အသင်းလိုက် အကျောပေးပြိုင်ပွဲ၊ သက်ကြီးတန်းပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲကို KM Golf Centre နှင့် ပြင်ဦးလွင်ဂေါက်ကလပ်တို့က အဓိကပံ့ပိုးမည်ဖြစ်ပြီး Co-Sponsors များအဖြစ် Maruman၊ Shwe Sar Yan Golf Resort၊ EDEN Group၊ Air Mandalay၊ Imperial Jade၊ Mk Fashion Shop၊ VES၊ A.K ကုမ္ပဏီ၊ Wilson၊ Tiger နှင့် Sun Far Travels and Tour တို့က ကူညီပံ့ပိုးကြမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားမောင်မယ်များသည် ပြင်ဦးလွင် ဂေါက်ကလပ်သို့ အမည်စာရင်းများပေးသွင်းကြပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းနိုင်သည်။

ယင်းပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management နှင့် ပြင်ဦးလွင်ဂေါက်ကလပ်တို့က တာဝန်ယူဆောင် ရွက်မည်ဖြစ်ပြီး Myanmar Golf Tour 2004 ပွဲစဉ်တစ်လျှောက်လုံးကို Rothmans of Pall Mall Myanmar Pte, Ltd. က Tour Sponsor အဖြစ် ကူညီပံ့ပိုးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေမြင့်မိုရ်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၇

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ပိဋကတစ်ပုံဆောင် ရွှေမြင့်မိုရ်ကျောင်းတိုက်ပဓာနနာယက ဆရာတော်အရှင်သောဘဏ(ဒီဃနိကာယကောဝိဒ သာသနာ့ဓဇသိရီပဝရဓမ္မာစရိယ)သည်တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်ပါရမီလမ်းရှိရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဧပြီ ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းနိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ ဖုန်း– ၀၁–၅၇၁၂၅၈ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ **(က–ပ)**

အခြမ်းရောင်းမည်

တောင်ဥက္ကလာပ(၁၄)ရပ်ကွက်၊ ဟသ်ာလမ်းမကြီးပေါ် မျက်နှာစာရှင်း အိပ်ခန်း(၂)ခန်း ကားဂိုဒေါင်ပါ၊ အဆင့်မြင့်ပြင်ဆင်ပြီး၊နေထိုင်ရန်အသင့်။

☎ : 577737

အမြန်ရောင်းမည်

ခြံ(80'x80')၊ တိုက်(30'x50') RC2, 3MBR, 1BR,4AC, ဧည့်ခန်း၊ မိသားစုခန်း၊ထမင်းစားခန်း၊ မီးဖိုဆောင်၊ကားဂိုထောင်၊ ရေမီး၊ အဆင့်မြင့်ပြင်ပြီး၊ နေရာကောင်း၊ **တည်နေရာ** –ရတနာသီရိ လုံးချင်း အိမ်ရာ(ဇဝန)သဃ်န်းကျွန်း။ ယခင်ကြေညာထားသောနှုန်းထက်25%လျှော့မည်။ ဈေးညှိနိုင်းပါ။တည့်အောင်ရောင်းမည်။ အရစ်ကျပေးချေနိုင်သည်။ ကားထည့်ချေနိုင်သည်။

☎ : 098031064

အာဆင်နယ်နောက်မှ ချယ်လ်ဆီး ဖိအားပေးနေပြီ

ဟိန်းသန့်

ရန်ကုန် ဧပြီ ၇

ဖလားသုံးလုံးလမ်းကြောင်းပေါ်မှ အာဆင်နယ်၊ ဖလားတစ်လုံးကို လက်လွှတ်လိုက်ရပြီဖြစ်သည်။ အက်ဖ်အေ ဖလားကိုလက်လွှတ်လိုက်ရသည့် အာဆင်နယ် ပရီမီယာရှစ်ဖလားကိုတော့ မရရအောင်ယူလိမ့်မည်ထင်သည်။

သို့သော် ယခုတလော အသင်းက ပွဲကျပ်များ တောက်လျှောက်ကြုံနေသည်။ ထို့အပြင် တစ်ပွဲပိုကစားထားသည့် ချယ်လ်ဆီးကလည်း နောက်မှဖိအားများ လိုက်ပေးနေသည်။ ယခုဆို အာဆင်နယ်နှင့်ချယ်လ်ဆီး လေးမှတ်သာကွာတော့သည်။ အာဆင်နယ် ပွဲ ၃၀ ရမှတ်က (၇၄) မှတ်၊ ချယ်လ်ဆီး ၃၁ ပွဲ ရမှတ် (၇၀)၊ သည်တော့ အာဆင်နယ်ကို ရှေ့ကနေ မမှားလိုက်နဲ့ဟု ချယ်လ်ဆီးတို့ နောက်မှနေ၍ ခြိမ်းခြောက်နေသကဲ့သို့ ရှိနေသည်။ ထိုအခြေအနေမျိုးတွင်မှ အာဆင်နယ် ကစားရခဲ့၊ ကစားရမည့်ပွဲများက ပွဲကျပ်ချည်း။ လောလောဆယ် ကိုးရက်အတွင်း ပွဲကျပ်လေးပွဲ ဆက်နေသည်။ ထို့ကြောင့် အာဆင်နယ် တို့အနေဖြင့် ပန်းအဝင်ခရီးကြမ်းကို ဂရုတစိုက်ဖြင့် ဖြတ်ကျော်နိုင်ပါမှသာ လိုရာပန်းတိုင်သို့ရောက်ပေလိမ့်မည်။

ယခုလာမည့် ဧပြီ ၁၀ ရက်နှင့် ၁၁ ရက်တွင်လည်း အာဆင်နယ် လီဗာပူးနှင့် ဟိုက်ဘူရီ၌ ရင်ဆိုင်ရဦးမည်။ ထိုအချိန်၌ အနီးဆုံးပြိုင်ဘက်ချယ်လ်ဆီးကား အိမ်ကွင်း၌ မစ်ဒယ်ဘရော့နှင့်ကစားရမည်ဖြစ်ရာ အာဆင်နယ်ထက် စာလျှင် အခွင့်အရေးပိုကောင်းနေသည်ဟု ဆိုနိုင်သည်။ လီဗာပူးကချန်ပီယံလိဂ်ဝင်ခွင့်အတွက် တိုက်ပွဲဝင်နေသည့် အသင်း၊ မစ်ဒယ်ဘရော့က ဇယားအလယ်အလတ်က အသင်း၊ ထို့အပြင် ဥရောပဝင်ခွင့်အတွက် လက်မှတ်ရထားပြီး အသင်းဖြစ်နေရာ လီဗာပူးက ပြိုင်ဘက်ဆီက အမှတ်ကို ပိုလိုချင်နေသော အသင်းဖြစ်နေသည်။ သို့ဖြစ်၍ ယခုလာမည့်ပွဲစဉ်မှာ ချယ်လ်ဆီးတို့ လိုက်မမီအောင် အာဆင်နယ်တို့ အလွတ်ရုန်းမည်လား၊ သို့တည်းမဟုတ် အာဆင်နယ်ကို ဖိအားထပ်ပေးဖို့ ချယ်လ်ဆီးတို့ ခြေတစ်လှမ်း ထပ်တိုးမည်လားဆိုသည်ကို စောင့်ကြည့်ရမည် ဖြစ်သည်။

ပွဲစဉ်(၃၂) ၉/၁၀-၄-၂၀၀၄

အာဆင်နယ်-လီဗာပူး

ပထမအကျော့ အန်ဖီးဒ်၌ လီဗာပူးကို အာဆင်နယ် အနိုင်ယူထားသည်။ ၂-၁။ ထို့ကြောင့် အာဆင်နယ် သာသလိုတော့ရှိနေသည်။ သို့သော် ခက်နေသည်က အာဆင်နယ်၏အနေအထား၊ အာဆင်နယ် ပွဲကျပ်တွေ ဆက်တိုက်နွှဲနေရသည်။ အက်ဖ်အေဖလားတွင် မန်ယူကို ရှုံးလိုက်

ဧပြီ ၃ ရက်က အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဆောက်သမ်တန်နှင့်ဝုလ်ဖ်အသင်းတို့ ယှဉ်ပြိုင် ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခြင်းက စိတ်ဓာတ်ပိုင်းကို ထိုးနှက်ခံလိုက်ရသလိုရှိသည်။ အသင်း၌ ဒဏ်ရာရသူများ တိုးလာသည်။ နောက်ဆုံးနှစ်ယောက်က ယွန်းဘတ်နှင့် ရေးယက်။ ကာလရှည်နားရဖွယ်ရှိနေသည်။ သည်တော့ အာဆင်နယ်တို့ စိတ်ပန်းလူပန်းဖြင့် ပန်းအဝင်၌ အခြေမယိုင်အောင် အာရုံပြန်စိုက်နေရသည့်အချိန် ဖြစ်နေသည်။ လီဗာပူးမှာကား အရေးကြီးဆုံးက ချန်ပီယံလိဂ်ဝင်ခွင့်၊ ထိုနေရာမရပါက ဟူလီယာပြုတ်သွားနိုင်သည်။ အိုဝင်အသင်းကို စွန့်သွားနိုင်သည်။ ထို့အတွက် လီဗာပူးတို့ သည်နေရာကို မရရအောင်ယူဖို့ကြိုးစားလိမ့်မည်။ သို့သော် ခက်နေသည်က လီဗာပူး၏အစွမ်း၊ တိုက်စစ်က အိုဝင်နှင့်အတူ ပျောက်နေသည်။ ခံစစ်ကလည်း အရင်လို မတောင့်တင်း၊ အဝေးကွင်းဆိုလျှင် ပို၍ဆိုးသည်။ အဝေးကွင်း၌ နိုင်ပွဲမရှိသည်မှာ ငါးပွဲ ဆက်နေပြီ။ သည်အစွမ်းမျိုးဖြင့်တော့ အာဆင်နယ်ကို ဟိုက်ဘူရီမှာ ယှဉ်နိုင်ဖို့ခက်နိုင်သည်။ သို့ရာတွင် အာဆင်နယ်တို့ ပွဲကျပ်များဆက်နေပြီး စိတ်ပန်း လူပန်းဖြစ်နေနိုင်သည်ကို ထည့်တွက်ထားလျှင်တော့ လီဗာပူး၌ သရေကျခွင့် မျှော်လင့်ချက်ရှိနေသည်ဟု ဆိုနိုင်သည်။

ချယ်လ်ဆီး-မစ်ဒယ်ဘရော့

ချယ်လ်ဆီး ပရီမီယာရှစ်၌ ဖိအားကင်းနေသည်။ ထို့ကြောင့်လားမသိ၊ အသင်းလည်း နိုင်ပွဲဆက်နေသည်။ ငါးပွဲဆက်တိုက် အနိုင်ရထားသည်။ ထိုကြားထဲ ဟယ်ဆယ်ဘိန့် တစ်ယောက်လည်း မခံချင်စိတ်ဖြင့် ဂိုးများ သွင်းပြနေသည်။ နောက်ဆုံးနှစ်ပွဲ၌ လေးဂိုးသွင်းထားသည်။ မစ်ဒယ်ဘရော့မှာမူ မျှော်လင့်ချက်က ပြည့်နေပြီ။ သည်တော့ ပရီမီယာရှစ်၌ ခြေစွမ်းပြနိုင်ရေးသာ ရှိတော့သည်။ ထို့ကြောင့် စိတ်အေးလက်အေးဖြင့်ပုံမှန်အစွမ်းပြနေသည်။ သို့သော် အဝေးကွင်းများ၌ သာမန်လောက်သာ ကစားနေသည်။ အဝေးကွင်း နောက်ဆုံးသုံးပွဲစလုံး နိုင်ပွဲရမထား။ ထို့အနေအထားမျိုးဖြင့် စတန်းဖို့ဒ်တံတား၌ အိမ်ရှင် ချယ်လ်ဆီးကို ယှဉ်နိုင်ဖို့တော့ ခက်နိုင်သည်။ ချယ်လ်ဆီးတို့၏ အမှတ်လိုချင်နေသည့် အနေအထားကလည်း မစ်ဒယ်ဘရော့ကို အနိုင်ရအောင် ယူပြသွားဖို့က ပိုများနေသည်။

ဘာမင်ဂမ်-မန်ယူ

မန်ယူအတွက် သည်ရာသီနှစ်သိမ့်စရာ ဖလားတစ်လုံးအတွက် မျှော်လင့်ချက် ရှိသွားပြီဖြစ်သည်။ ထို့ကြောင့် မန်ယူတို့စိတ်ဓာတ်အင်အား ပိုမိုကောင်းမွန်လာနိုင်သည်။ ယုံကြည်စိတ်များဖြင့် ပိုအားကောင်းလာနိုင်သည်။ ထိုအချိန်မျိုး၌ လာတွေ့သည့် ဘာမင်ဂမ်ကတော့ လွယ်မည်မထင်။ ဘာမင်ဂမ်မှာလည်း ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက်ရှိသော်လည်း ခြေစွမ်း အတက်အကျက မမှန်သေး၊ အထူးသဖြင့် တိုက်စစ်ပိုင်းဖြစ်သည်။ တိုက်စစ်မှာ ကောင်းလျှင် သိပ်ကောင်းနေပြီး ညံ့လျှင်လည်း တစ်ပွဲလုံး တစ်ဂိုးရဖို့ အတော်ကြိုးစားနေရသည်။ ထိုသို့ ခြေမမှန်ပုံနှင့် မန်ယူလို ယုံကြည်မှု အားကောင်းလာသော အသင်းကို မည်သို့ရင်ဆိုင်မည်နည်း။ အရေးကြီးသည်က ဘာမင်ဂမ်၏ တောင့်တင်းသည့်ခံစစ်ကို မန်ယူတိုက်စစ်မှူးများ ထိုးခွဲနိုင်၊ မခွဲနိုင်ပင် ဖြစ်သည်။ မန်ယူနိုင်လိမ့်မည်ထင်သည်။

ဘလက်ဘန်း-လိဒ်စ်

နှစ်သင်းစလုံး အတန်းမဆင်းရရေးအတွက် ရုန်းကန်နေရသည်။ ခြေစွမ်းချင်းကလည်း သိပ်မကွာလှ။ ဘလက်

ဧပြီ ၄ ရက်က အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲအဖြစ် အာဆင်နယ်နှင့် မန်ချက်စတာ ယူနိုက်တက်အသင်းတို့ပွဲတွင် အာဆင်နယ်မှ ဒင်းနစ်ဘားကင့်ထိုးဖောက်ကစားစဉ်။ (ယင်းပွဲတွင် မန်ချက်စတာ ယူနိုက်တက် အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။) (ဓာတ်ပုံ-အင်တာနက်)

ဘန်းကလည်း အသင်းလိုက်ကစားပုံ ကောင်းသလောက် တိုက်စစ်မှူးများ၏ ဂိုးသွင်းအားကပုံသေမရှိ။ လိဒ်စ်ကလည်း ဘလက်ဘန်းနှင့် သိပ်မကွာ။ ကစားသမားများ၏ ကြိုးပမ်းမှုကလည်း တဖြည်းဖြည်း အသက်မပါတော့။ တိုက်စစ်၌ ဂိုးသွင်းနိုင်သူများရှိသော်လည်း ခံစစ်ကိုစိတ်ချထား၍ မရ။ ထိုသို့သော အနေအထားဖြင့် ဘလက်ဘန်းကွင်း၌ အမှတ်အသည်းအသန်ရှာနေသော ဘလက်ဘန်းကို ယှဉ်နိုင်ရန် ခက်လိမ့်မည်။ ဘလက်ဘန်း သရေ (သို့မဟုတ်) အနိုင်ပင်။

ဘော်လ်တန်-အက်စတန်ဗီလာ

ဘော်လ်တန်၏ ခြေစွမ်းက ခပ်ယိုင်ယိုင်။ သို့သော် အိမ်ကွင်းတွင်တော့ ထတောက်ပြတတ်သည်မျိုးတော့ ရှိသည်။ ဗီလာကလည်း မျှော်လင့်ချက်နှင့် အသင်း ယခုအချိန်၌ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်နေနိုင်ရာ ဗီလာတို့ အမှတ်ရအောင်ရှာရမည့်အချိန် ဖြစ်နေသည်။ ထို့အပြင် ယခုနောက်ပိုင်း ဗီလာ၏ခြေစွမ်းကလည်း ကွင်းသိပ်မရွေးသည့် အနေအထားမျိုးဖြစ်နေရာ ဘော်လ်တန်တို့ အိမ်ရှင်ဖြစ်နေသော်လည်း သိပ်မလွယ်လှဟု ထင်သည်။ ဗီလာကိုပဲ အနိုင်ပေးကြည့် ထားချင်မိသည်။

ချာလ်တန်-ပို့စ်မောက်

အဝေးကွင်း နိုင်ပွဲစရဖူးထားခြင်းက ပို့စ်မောက်တို့၏ ယုံကြည်မှုကို တွန်းအားပေးထားသလိုရှိလိမ့်မည်။ ထို့ကြောင့် အတန်းမဆင်းရရေးအတွက် ယခုပွဲတွင်လည်း ခြေကုန်ထုတ်ဦးမည်မှာ သေချာနေသည်။ ချာလ်တန်၏ ခြေစွမ်းမှာမူ ရာသီတစ်ဝက်ကျိုးနောက်ပိုင်း သာမန်မျှသာ ရှိတော့သည်။ အိမ်ကွင်း၌ပင် ခြေစွမ်းကမမှန်ချင်တော့၊ အထူးသဖြင့် ကွင်းလယ်အားလျော့သွားခြင်းက ချာလ်တန်၏ ခံစစ်နှင့် တိုက်စစ်နှစ်မျိုးစလုံးကို ထိခိုက်သွားစေခဲ့သည်။ ယခုလည်း အမှတ်လိုချင်စိတ်အပြည့်ဖြင့် ကြိုးစားရုန်းကန်နေသည့် ပို့စ်မောက်အသင်းကို ရင်ဆိုင်ရဦးမည်ဖြစ်ရာ ချာလ်တန်အတွက် အိမ်ရှင်ဖြစ်နေသော်လည်း ခက်ခဲနိုင်မည့် အနေအထားမျိုးဖြစ်နေသည်။ သရေပွဲဖြစ်သွားလိမ့်မည် ထင်သည်။

အဲဗာတန်-တော့တင်ဟမ်

တော့တင်ဟမ် ရှုံးပွဲဆက်နေသည်။ အထူးသဖြင့် ခုတလော ကနူးတေး၊ ဒီဖိုး၊ ရော်ဘီကိန်းတို့၏ ခြေစွမ်း ယိုင်နဲ့နေသည်။ ဂိုးပေါက်မတွေ့သည်မှာ ကြာနေပြီ၊ ထို့အပြင် အဝေးကွင်း၌ နောက်ဆုံးကစားထားသည့် နှစ်ပွဲစလုံး ရှုံးထားပြီး ဂိုးလည်းမသွင်းနိုင်ခဲ့ မစ်ဒယ်ဘရော့ ၁-၀ တော့တင်ဟမ်။ မန်ယူ ၃-၀ တော့တင်ဟမ်။ ထိုအစွမ်းဖြင့် အိမ်ကွင်း၌ အားကောင်းသည့် အဲဗာတန်ကို ယှဉ်နိုင်ဖို့ခက်နိုင်သည်။ အဲဗာတန်မှာ အိမ်ကွင်းမာပြီး ဂိုးလည်းမြူးတတ်ရာ ခံစစ်မငြိမ်သည့် တော့တင်ဟမ် မလွယ်ဟုထင်သည်။ အဲဗာတန် အနိုင် သို့မဟုတ် သရေလောက်ကစားသွားမည် ထင်သည်။

လက်စတာ-ဖူလ်ဟမ်

လက်စတာ၏ ရုန်းထွက်အားကိုလည်း အသိအမှတ်ပြုရလိမ့်မည်။ သို့သော် ခက်သည်က လက်စတာတို့ ကြိုးစားသလောက် နိုင်ပွဲမရဘဲ သရေပွဲများချည်း ဖြစ်နေသည်။ ဖူလ်ဟမ်မှာလည်း အဝေးကွင်းသိပ်မကောင်း၊ ထို့အပြင် ခုတလော တိုက်စစ်ကလည်း ခပ်ပျော့ပျော့ဖြစ်နေရာ သည်တစ်ပွဲ၌ လက်စတာကိုပဲ ယုံထားလိုက်ချင်သည်။

မန်စီးတီး-ဝုလ်ဖ်

ဝုလ်ဖ်တို့ကတော့ လာရာအတန်းကို ခြေလှမ်းပြင်ပြီ ထင်သည်။ ပန်းဝင်ကာနီးမှ ခြေလှမ်းပျက်နေသည်။ ခံစစ်ကလည်း သိသိသာသာ ကျိုးပျက်နေရာ အတန်းဆင်းရမည့်အန္တရာယ်မှ ဝေးရာရောက်ရေး လုံးပမ်းနေရသည်။ မန်စီးတီးကွင်း၌လည်း အိမ်ရှင်ကို ယှဉ်နိုင်လိမ့်မည် မထင်။ မန်စီးတီးပင် အနိုင်(၃)မှတ်ယူသွားမည့်ပွဲဟု ထင်မိသည်။

ဆောက်သမ်တန်-နယူးကာဆယ်

စိန့်တို့ ခြေမှန်ရနေခြင်းက နယူးကာဆယ်ကို ဒုက္ခပေးတော့မည့်ပုံ ရှိသည်။ စိန့်တိုက်စစ်အတွဲ ဘီတီနှင့် ဖီလစ်တို့ ဂိုးပြန်မြူးနေခြင်းကလည်း အဝေးကွင်း၌ ကစားပုံအားနည်းသည့်အပြင် ယူအီးအက်ဖ်အေကွာတားပွဲ နွှဲထား၍ ပွဲပန်းနေနိုင်သော နယူးကာဆယ်ကို ခြိမ်းခြောက်နိုင်စွမ်း ရှိနေသည်။ စိန့်သရေ သို့မဟုတ် အနိုင်ပွဲပင်။ ။

(မြန်မာ့အလင်း)

မြို့နယ် စာပေစာနယ်ဇင်းအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

ကောလင်း မတ် ၂၅

ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁နာရီက မြို့နယ် အစည်းအဝေးခန်းမတွင်ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ငြိမ်း(မြန်ဂုဏ်ဆောင်)က မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပနိုင်ရေး၊နာမကျန်းအဖွဲ့ဝင်များ ထောက်ပံ့နိုင်ရေး၊ နွေရာသီကျောင်းပိတ်ရက်များတွင် စာပေရေးရာသင်တန်းများ ဖွင့်လှစ်သွားနိုင်ရေးနှင့် ကျေးလက်စာကြည့်တိုက်များသို့ စာနယ်ဇင်းများပေးပို့လှူဒါန်းသွားနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးသည်။ (၀၂၆)

စည်ပင်သာယာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် စစ်ကိုင်းတိုင်းတွင်လုပ်ငန်းများ လှည့်လည်စစ်ဆေး

ကလေး ဧပြီ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ရက်တွင် စစ်ကိုင်းတိုင်း ကလေးမြို့သို့ရောက်ရှိပြီး မြို့နယ်၏ ပန်းအလှပင်၊ အရိပ်ရပင်များစိုက်ပျိုးထားရှိမှု အခြေအနေ၊ အောင်ဇေယျလမ်း၊လမ်းပေါက်ဖာခြင်းလုပ်ငန်းနှင့် အရှည်ပေ ၁၂၀၀ ရှိ ပတ္တမြားလမ်းကို အဖွဲ့ရန်ပုံငွေ ၅ ဒသမ ၅ သိန်းနှင့် ပြည်သူထည့်ဝင်ငွေ ၁၂ သိန်းဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို စစ်ဆေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ခမ်းပတ်မြို့နယ်ခွဲရုံးသို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေအား ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် တမူးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် တာဝန်ရှိသူများအား အခွန်ငွေပြည့်မီစွာ ရရှိရေး၊ မြို့သာယာလှပရေး၊ သန့်ရှင်းရေးကောင်းမွန်ရေးတို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ အဖွဲ့ပိုင်ပျိုးဥယျာဉ်တည်ဆောက်ထားရှိမှုအား စစ်ဆေးပြီး နမ့်ဖာလုံ-ကတို့လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို စစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ကလေးဝမြို့သို့ရောက်ရှိပြီး ကလေးဝမြို့နယ် စည်ပင်သာယာရေးရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားပြီး အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သော ဈေးပတ်လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

(နယ်စပ်/စည်ပင်)

မိုးကုတ်မြို့နယ် ကတ္တရာလမ်းသစ်များဖွင့်

မိုးကုတ် မတ် ၂၅

(၁၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့်မိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့်ပန်းမရေကန်တောင်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၉ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလားတူပင် မိုးကုတ်မြို့နယ် ကျပ်ပြင်မြို့တွင် ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်း ၁၀ လမ်းနှင့် မိုးကုတ်မြို့တွင် ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းလေးလမ်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ပြည်သူပူးပေါင်း၍ ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

စိစစ်ရေးကတ်ပေးအပ်

ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား မတ် ၂၃ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ပေးအပ်စဉ်။ (က-ပ)

လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်

သနပ်ပင် မတ် ၂

ပဲခူးတိုင်း သနပ်ပင်မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် ဝယ်ယူထားသော လယ်ယာ ၁၆ လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက သနပ်ပင်မြို့ စက်မှုလယ်ယာဦးစီးဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ အုပ်ချုပ်ရေး ဦးအောင်ကျော်သူက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မြို့နယ်ဘဏ်ခွဲမန်နေဂျာဦးမြင့်စိုးထံသို့ လက်တွန်းထွန်စက် ၁၁ စီးနှင့် စာရွက်စာတမ်းများ လွှဲပြောင်းပေးပြီး မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးမြင့်စိုးက လယ်သမားတစ်ဦးချင်းထံသို့ လယ်ယာ ၁၆ လက်တွန်း ထွန်စက်များ လက်ရောက်ပေးအပ်သည်။ **(အောက်ပုံ)**

အဆိုပါ လယ်ယာ ၁၆ လက်တွန်းထွန်စက်များအား ငွေသားလက်ငင်းဖြစ်စေ၊ အရစ်ကျစနစ်ဖြင့်ဖြစ်စေ ဝယ်ယူလိုသော သနပ်ပင်မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများသည် အမှတ် ၇၃ ထွန်စက်စခန်း၊ စက်မှုလယ်ယာဦးစီးဌာန သနပ်ပင်မြို့နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သနပ်ပင်မြို့နယ်ဘဏ်ခွဲတို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(၃၄၇)**

အိမ်မဲမြို့တွင် လမ်းသစ်များဖွင့်လှစ်

အိမ်မဲ မတ် ၂၅

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်က ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော ညောင်ကုန်းချောင်းဖျား-သရက်ကုန်းလမ်း ကျောက်ချောခင်းခြင်း တစ်မိုင်နှင့် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ၂ ဒသမ ၈ ဖာလုံလမ်းပိုင်းများ ဖွင့်ပွဲကို မတ် ၂၅ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနိုင်၊ အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဒေါက်တာမောင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု မောင်တောမြို့ ငုဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်

မောင်တော မတ် ၂၈

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မောင်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ငုဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၂ ရက်နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မောင်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘမြင့်က လမ်းနှင့်ပတ်သက်သောအချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ငုဝါကတ္တရာလမ်းသစ်ကို မောင်တောခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရန်မျိုးအောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဘမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ငုဝါလမ်းသစ်တစ်လျှောက်ကြည့်ရှုစစ်ဆေးကြသည်။ ဖွင့်လှစ်လိုက်သော ကတ္တရာလမ်းအရှည် ပေ ၄၂၀၊ အကျယ် ၁၂ ပေရှိပြီး ငွေကျပ် ၁၂၂၇၀၁၀ ကုန်ကျခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပျော်ဘွယ်၌ မေးခိုင်ကာကွယ်ဆေးထိုးနှံပေး

ပျော်ဘွယ် မတ် ၂၇

အမျိုးသမီးများ အစုလိုက်မေးခိုင် ကာကွယ်ဆေးထိုးခြင်း စီမံချက်အရ ပျော်ဘွယ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အသက် ၁၅ နှစ်မှ ၄၅ နှစ်အထိ မေးခိုင်ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၁ နာရီက ရွှေပြည်ရန်အောင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

အသက် ၁၅ နှစ်မှ ၄၅ နှစ်အထိ အမျိုးသမီးများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ခင်ဝင်းရီနှင့် ကျန်းမာရေးဝန်ထမ်းများက အစုလိုက်မေးခိုင်ကာကွယ်ဆေးထိုးနှံပေးကြသည်။ **(အပေါ်ပုံ)** ပျော်ဘွယ်မြို့နယ်ကျန်းမာရေးဦးစီးဌာနအနေဖြင့် တစ် မြို့နယ်လုံး အသက် ၁၅ နှစ်မှ ၄၅ နှစ်အထိ အမျိုးသမီးများအား ကာကွယ်ဆေးထိုးနိုင်ခဲ့ပြီး ထပ်မံ၍လည်း နှစ်ကြိမ်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

ဂန့်ဂေါ မတ် ၂၄

ဂန့်ဂေါခရိုင်အမျိုးသမီးရေးရာအဖွဲ့၏ အစီအစဉ်ဖြင့်ဂန့်ဂေါမြို့ကျန်းမာရေးဦးစီးဌာနမျက်မမြင်နှင့်မျက်ခမ်းစပ်ရောဂါကာကွယ်ရေးစီမံကိန်းမှ ဒေါက်တာစဂျေလွင်နှင့်အဖွဲ့ကမျက်စိဝေဒနာရှင်များအား ကုသပေးလျက်ရှိရာ မတ် ၇ ရက်က ဂန့်ဂေါမြို့တွင် ၁၂ဦး၊ မတ် ၁၀ ရက်ကထီးလင်းမြို့တွင် ၁၆ ဦး၊ မတ် ၁၂ ရက်ကဆောမြို့နယ်တွင် ၂၈ ဦးတို့ကို အလှူရှင်တစ်ဦး၏ ပံ့ပိုးလှူဒါန်းမှုဖြင့် အခမဲ့ခွဲစိတ်ကုသပေးသည်။

အဆိုပါခွဲစိတ်ကုသပေးသောမျက်စိကုဆရာဝန်ဒေါက်တာ စဂျေလွင်နှင့်အဖွဲ့အားဂုဏ်ပြုသည့်အခမ်းအနားကို မတ် ၁၉ ရက်ကဂန့်ဂေါမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ ပြုလုပ်ရာခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယကခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းအမျိုးသမီးရေးရာအဖွဲ့အလုပ်အမှုဆောင် ဒေါ်သီတာ နှင့် ဂန့်ဂေါခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်စောကြိုင်တို့က ဒေါက်တာစဂျေလွင်နှင့်အဖွဲ့အား ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ရာ ဒေါက်တာစဂျေလွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မျက်စိဝေဒနာရှင်များအား အခမဲ့ဆက်လက်ကုသနိုင်ရန်အတွက်စေတနာရှင် ၆၀ တို့က ငွေကျပ် ၁၄၄၀၀၀၀ ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးကြူထံပေးအပ်လှူဒါန်းကြောင်းသိရသည်။ **(၂၇၃)**

မြန်မာ့အသံ

၉-၄-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (လှိုင်သာယာစက်မှုဇုန်ထုတ် အသင့်သောက် ကော်ဖီနှင့် လက်ဖက်ရည်)
၁၁း၃၅ သုတရေးရာဖြေကြားလွှာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (စုပေါင်းကာကွယ် လမ်းအန္တရာယ်၊ ထိခိုက်မှုမှ ကင်းစေမယ်)
၁၂း၃၀ ဇာတ်လမ်းပမာ[သင်္ကြန်နှစ်(စ်)]
၁၃း၁၀ ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (စိတ်ကောက်စရာမလိုတော့ပါ)
၁၇း၃၀ မေတို့ရေးရာသိမှတ်စရာ (ပါရမီဖြည့်ဖက်) (မောင်မောင်-ဥပဒေ)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ဇရာမျိုးဆက်အစွမ်းထက်ဖို့) (မောင်ဆုရှင်)
၁၉း၁၅ အောင်ရင်၏ သင်္ကြန်တေးများ

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

ချစ်သော ဖေဖေနှင့်မေမေတို့၏ ၂၀၀၄ ခုနှစ် ဧပြီလ ၈ရက်နေ့တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာနှစ်ပတ်လည်မှသည် ရွှေရတု၊ စိန်ရတုသို့တိုင်အောင် အချစ်ဆုံးသမီးတို့နှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လျှောက်လှမ်းရင်း နိုင်ငံအကျိုး ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီးကြီး-ခိုင်စုယဉ် B.C.Sc (Hons:) U.C.S.Y

ချစ်သမီးငယ်-နေနွယ်အောင် 2nd MB(I.M-1)

မြန်မာဂေါက်သီးရိုက်အသင်း

၉ မိုင်၊ ပြည်လမ်း၊ ရန်ကုန်

မြန်မာဂေါက်သီးရိုက်အသင်း ကစားကွင်းတွင် ဂေါက်သီးရိုက်လေ့ကျင့်ကွင်းလုပ်ငန်းကို လုပ်ကိုင်ရန် စိတ်ဝင်စားသူများအနေဖြင့် ၂၇-၄-၂၀၀၄ ရက်နေ့ (၁၆:၀၀) နာရီနောက်ဆုံးထားပြီး အထက်ပါလိပ်စာအတိုင်း ဥက္ကဋ္ဌထံ လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။ **ကိုနီ (အတွင်းရေးမှူး)။**

အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၅၁လမ်း၊ အမှတ် (၁၃၁/စီ) ဒုတိယထပ်တွင် နေထိုင်သူ ဦးထွန်းအောင်ကျော် နိုင်ငံသားစိစစ်ရေးကတ် ၁၂/ဒဂန(နိုင်)၀၀၇၀၄၈ ၏ လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်။

ဦးထွန်းအောင်ကျော်၏ သားဖြစ်သူ ကိုစန်းဝင်းအောင် (မောင်မောင်) နိုင်ငံသားစိစစ်ရေးကတ် ၁၂/ဒဂန(နိုင်) ၀၀၇၀၆၀ သည် ဖခင်ဖြစ်သူနှင့် မောင်နှမများအပေါ်တွင် ကိုယ်စိတ်နှစ်ပါး၊ ဆင်းရဲဒုက္ခရောက်စေရန် အကြိမ်ကြိမ်ပြုလုပ် ပြောဆိုခဲ့ပြီး ဖခင်ဖြစ်သူ၏ ဆုံးမသွန်သင်မှုကိုလည်း နာခံမှုမရှိသည့်အတွက် ဦးထွန်းအောင်ကျော်က မိမိ၏အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်ထားသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန္ဒာဝင်း

တရားရုံးချုပ်ရှေ့နေ

စဉ်-၆၄၆၁

အမှတ်-၃၁/၃၃၊ စတုတ္ထထပ်

၃၅လမ်း၊ ကျောက်တံတားမြို့နယ်

ရန်ကုန်မြို့။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက်ရပ်ကွက် ကံ့ကော်လမ်း အမှတ်(၆)နေ ဦးဝင်းဇော်ထွန်း ၁၂/စခန(နိုင်)၀၀၁၅၄၇ သိစေရန်

သတိပေးကြေညာချက်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၅ ရပ်ကွက် ရွှေနှင်းဆီ ၄ လမ်း အမှတ် ၄၅ နေ ဦးစိုင်းစံညိမ်း ၁၃/တခလ(နိုင်)၀၄၀၈၅၆ က အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁၂-၃-၂၀၀၄ ရက်စွဲပါ "နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်း ကတိစာချုပ်"အရ ဦးစိုင်းစံညိမ်းသည် လူမှုရေးအရ ကူညီသည့်သဘောဖြင့် ဦးဝင်းဇော်ထွန်းထံ ငွေကျပ် ၃၃၀၀၀၀၀ (ကျပ်သုံးဆယ့်သုံးသိန်းတိတိ)ကို အပ်နှံထားပါသည်။ ဦးဝင်းဇော်ထွန်းသည် အပ်နှံထားသည့်ငွေများကို ၁၅-၃-၂၀၀၄ ရက်နေ့တွင် ဦးစိုင်းစံညိမ်းအား ပြန်လည်ပေးအပ်ရန် ကတိပြုထားသော်လည်း ယခုအချိန်အထိ ပြန်လည်ပေးအပ်ခြင်းမရှိသေးပါ။

သို့ဖြစ်ပါ၍ ဦးဝင်းဇော်ထွန်းသည် ဤကြေညာသည့်နေ့မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံမှ ရယူထားသောငွေများကို ပြန်လည်ပေးအပ်ပါရန် တောင်းဆိုပါသည်။ ပျက်ကွက်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးစိုင်းစံညိမ်း

၁၃/တခလ(နိုင်)၀၄၀၈၅၆

အမှတ် ၄၅၊ရွှေနှင်းဆီ ၄ လမ်း

၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်တင်ရီ (ကေအမ်ဒဗလျူ-၁၀၅၅၆၂)နှင့်

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှည်းတန်းလမ်း၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် ၁၃၊ အခန်း ၄၉နေ ဒေါ်စုစုလှိုင် ၈/ထလန(နိုင်) ၀၃၅၂၂၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့ တာမွေမြို့နယ် ပုားရည်ကုန်းရပ်ကွက်၊ လမ်း ၁၅၀၊ တိုက်အမှတ် ၃၁ ၏ လေးလွှာအခန်းကို ဒေါ်တင်ရီထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုလှိုင်က ၂၈-၃-၂၀၀၄ ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုလှိုင်၏ခွင့်ပြုချက်မရဘဲ အဆိုပါအခန်းအား ရောင်းချခြင်း၊ ပေါင်းနှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စုစုလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မင်း

တရားရုံးချုပ်ရှေ့နေ

အေ-၁၄/အမှတ် ၅၀၊ ဘဏ်လမ်း

ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

သက်ဆိုင်သူများသိစေရန်

မော်လမြိုင်မြို့ အမှတ်(၃၂) အောက်လမ်းမကြီး စစ်ကဲကုန်းရပ်နေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်အေးသီတာ ၁၀/မလမ (နိုင်) ၀၆၇၄၆၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ကျွန်ုပ်အမှုသည်၏ ခင်ပွန်းဖြစ်သူ ဦးစောနိုင် ၁၀/မလမ (နိုင်) ၁၀၂၀၈၂ သည် ကျွန်ုပ်အမှုသည်အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်ပြင် သည်းခံခွင့်မလွှတ်နိုင်သောကိစ္စများပြုလုပ်၍ ၂၅-၃-၂၀၀၄ ရက်နေ့တွင် မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသည်။

ယနေ့မှစ၍ ဦးစောနိုင်သည် ကျွန်ုပ်အမှုသည်နှင့် သက်ဆိုင်ပတ်သက်ခြင်း မရှိတော့သည့်ပြင် ကျွန်ုပ်အမှုသည်မသိရှိဘဲ ဦးစောနိုင်နှင့် ငွေကြေးအပါအဝင် ကိစ္စအဝဝကို ပြုလုပ်ထားသူများသည် ဦးစောနိုင်နှင့်သာ ဖြေရှင်းရန်နှင့် အဆိုပါကိစ္စများသည် ကျွန်ုပ်အမှုသည်နှင့် မည်သို့မျှပတ်သက်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးမျိုး(ခ)ဦးလှသွင်

တရားရုံးချုပ်ရှေ့နေ

(၆၀)ပထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်

ရန်ကုန်မြို့ ဖုန်း-၀၉၉၈၂၁၃၃

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

ကန့်ဘလူ မတ် ၂၇

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေဘိုခရိုင်ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့ အောင်သိဒ္ဓိလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ရက် နံနက် ၈နာရီက အဆိုပါလမ်းထိပ်မုခ်ဦး မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ ကန့်ဘလူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးတင်ထွန်း၊ ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးအောင်ကိုလတ်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဇီးကုန်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်သည်။

အစီအစဉ်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်က စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆောင်ရွက်ရန်လုပ်ငန်းအခြေအနေကိုလည်းကောင်း၊ အောင်သိဒ္ဓိလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအခြေအနေကိုလည်းကောင်း စာရင်းဇယားများနှင့်တကွ ရှင်းလင်းတင်ပြပြီး လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများကို တာဝန်ရှိသူများသို့ ဂုဏ်ပြုပေးအပ်သည်။

ဖဲကြိုးဖြတ်

ထို့နောက် အရှည် ပေ၁၁၀၀ အကျယ် ၁၂ပေရှိ အောင်သိဒ္ဓိ ကတ္တရာခင်းလမ်းကို ရွှေဘိုခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ အမှုဆောင် အရာရှိ ဦးအောင်ကိုလတ်၊ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်ဦးတင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းကို အဖွဲ့ခွင့်ပြုငွေကျပ် ၁၈၁၉၄၇၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ်၁၃၀၀၀၀၀ ကျပ်စုစုပေါင်း ၃၁၁၉၄၇၀ အကုန်အကျ ခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(၀၅၆)**

ဖျာပုံအထက(၃) အာစရိယပူဇော်

ဖျာပုံ ဧပြီ ၅

ဖျာပုံမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၃ရက် နံနက် ၉နာရီတွင် ဖျာပုံမြို့ အထက(၃)၌ ကျင်းပသည်။

အခမ်းအနားသို့ အပူဇော်ခံ ဆရာကြီးဆရာမကြီးများ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပြီး ဆရာကြီးဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။ ဆရာကြီးဆရာမကြီးများက သြဝါဒစကားပြောကြားပြီး ကျောင်းသားကျောင်းသူဟောင်းများက ကျေးဇူးတင်စကားပြောကြားကြသည်။ အာစရိယပူဇော်ပွဲနှစ်စဉ်ကျင်းပနိုင်ရေးအတွက်ကျောင်းသားကျောင်းသူဟောင်းများက ပဒေသာပင်အလှူငွေများ စိုက်ထူလှူဒါန်းကြသည်။ **(၃၇၉)**

မူလတန်းလွန် ကျောင်းဆောင်သစ် အုတ်မြစ်ချ

ပဲခူး ဧပြီ ၄

ပဲခူးမြို့နယ် ပုဏ္ဏားစုရပ်ကွက်ရှိ မူလတန်းလွန်ကျောင်း၏ အလျားပေ ၆၀၊ အနံ ပေ ၃၀ရှိ နှစ်ထပ်ကျောင်းဆောင်သစ် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို မတ် ၃၁ ရက်က မူလတန်းလွန်ကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်သစ်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်း၊ ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး အုတ်မြစ်စီပေးကြသည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းက အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် ရွှေမိုးငွေမိုး ရွာသွန်းပေးကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က-ပ)**

ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁ရက်က မိုင်းတင်းကကျေးရွာဓမ္မာရုံ၌ ကျင်းပရာခရိုင်ဦးစီးအရာရှိ ဦးမောင်ကိုနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးစိုင်းနော်ခမ်းဦး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(ခရိုင် ပြန်/ဆက်)



ကျေးဇူးဆပ်ပါမည်

ကျွန်မ မအေးယဉ်ယဉ်ထွန်း၏ နိုင်ငံကူး လက်မှတ် ၃၉၆၀၆၄ သည် လမ်းသွားရင်း ကျပျောက်သွားပါသဖြင့်တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပါ။

မအေးယဉ်ယဉ်ထွန်း (ဖုန်း-၅၇၈၂၇၄)

အမည်ပြောင်း

ကျောက်ဖြူမြို့ အလက(၂) အင္ဂမတန်း (B)မှ အဖဦးထွန်းလင်း၏သား မောင်ရဲ မိုးလွင် ၁၁/ကဖန (နိုင်) ဝ၆၄၄၈ အား ယနေ့မှ စ၍ မောင်ရဲမိုးနိုင် ဟု အမည် ပြောင်းလဲ ခေါ်ပါရန်။ **မောင်ရဲမိုးနိုင်။**

ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့

အကြောင်းကြားစာ

တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၁၄ နှင့် ပုဒ်မ ၁၁၅
တရားရုံးချုပ် ရန်ကုန်မြို့
၂၀၀၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၆၈

မနိုင်နိုင် **(လျှောက်ထားသူ)**

နှင့်

မပေါက်ပေါက်(ခ)မသက်သက်ဝင်းပါ+၃

(လျှောက်ထားခံရသူ)

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၆ ရက် ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ တရားမကြီးမှုအမှတ် ၇၀၁/၂၀၀၂ ၏ အမိန့်မှ ပြင်ဆင်မှု လျှောက်လွှာနှင့် ပတ်သက်၍ ၂။ ဦးတင်ဦး၊ ၃။ ဒေါ်ရင်မြ (အတူနေ) အမှတ် ၃၀၇၊ အခန်း ၇၊ လေးလွှာ(ယာ)၊ ဗညားဒလလမ်း၊ အရိုးကုန်း ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (ယခင် လိပ်စာ၊ ယခုနေရပ်လိပ်စာမသိ)နေ လျှောက် ထားခံရသူများ သိစေရမည်။

ဤအမှုတွင် တိုင်းတရားရုံး၏ အမိန့်မှ ပြင်ဆင်မှု လျှောက်လွှာ တစ်စောင်ကို တရားရုံးချုပ် ရှေ့နေ ဦးမောင်မောင်စိုး၊ ဦးမောင်မောင်စောနှင့် ဒေါ်ဝါဝါဝင်းသစ်တို့က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှု လျှောက်လွှာကို ၂၀၀၄ ခုနှစ် ဧပြီလ ၁၉ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ ကိုယ်စားသင်၏တရားရုံးချုပ်ရှေ့နေက ဖြစ်စေ၊ သို့မဟုတ် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာ လွှဲအပ်ထားသူ တစ်စုံတစ်ယောက်က ဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏ မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် တံဆိပ်ရိုက်နှိပ်သည်။

ဒေါ်စုငယ်
လက်ထောက်ညွှန်ကြားရေးမှူး
တရားမဌာနခွဲ-၃၊ ဌာနစု-၄၊
တရားရုံးချုပ်၊ ရန်ကုန်မြို့။



ခင်ပွန်းအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ရန်ကုန်မြို့ ၃၄ လမ်း၊ အမှတ် ၁၇၈/ခ သုံးထပ်(လက်ဝဲ)နေ ဦးဇော်မင်း-ဒေါ်ခင်စိန်တို့၏သား ကိုနေလင်းဇော် ၁၂/ကတတ (နိုင်) ၀၀၀၈၇၅ သည် လင့်ဝတ္တရားများ ပျက်ကွက်ခြင်း၊ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းတို့ကြောင့် ကိုနေလင်းဇော်အား အစ္စလာမ် တရားတော်နှင့်အညီ ကွာရှင်း ပြတ်စဲပြီးစီးပါကြောင်း။

ကေသီမင်းသူ
၁၂/မဂတ(နိုင်)၀၀၀၁၇၇

ခွေးရောင်းမည်

Rottweiler

မျိုးကောင်းမျိုးသန့်

အထီးအမ တစ်စုံရောင်းရန်ရှိသည်။

ဖုန်း- ၂၄၆၀၂၆

ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၄-၂၀၀၅ ပညာသင်နှစ်
လုပ်ခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှုသင်တန်း
အမှတ်စဉ်(၁/၂၀၀၄)

သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၏ အစီအစဉ်ဖြင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ပညာရေး ကောလိပ်များတွင် ဖွင့်လှစ်မည့် လုပ်ခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁/၂၀၀၄)သို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရပါမည်။

(က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခု (ယဉ်ကျေးမှုတက္ကသိုလ် အပါအဝင်)မှ ဘွဲ့(ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့/စီးပွားရေးဘွဲ့) ရပြီးသူဖြစ်ရမည်။

(ဂ) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံမိတ္တူ (သို့မဟုတ်) ဘွဲ့ရကြောင်းထောက်ခံစာ ပူးတွဲတင်ပြရမည်။

(ဃ) မွေးသက္ကရာဇ်အထောက်အထားအတွက် လျှောက်လွှာနှင့်အတူ အခြေခံပညာအထက်တန်း စာမေးပွဲအောင်လက်မှတ် ဓာတ်ပုံမိတ္တူကို ပူးတွဲတင်ပြရမည်။

(င) ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးသူဖြစ်ရမည်။
ဝန်ထမ်းဖြစ်ပါက ၃၅ နှစ်ထက် မကြီးသူဖြစ်ရမည့်အပြင် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။ (ဝန်ထမ်းများသည် လစာမဲ့ဖြင့် သင်တန်းတက်ရပါမည်။)

(စ) ပြစ်မှုကင်းရှင်းပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဆ) စေလွှတ်သည့် ပညာရေးကောလိပ်များသို့ တက်ရောက်နိုင်သူဖြစ်ရမည်။

(ဇ) သင်တန်းအောင်မြင်ပြီးသူများအား ဆရာအတတ်ပညာကျွမ်းကျင်မှုလက်မှတ် (Teacher Education Competency Certificate-TECC)ချီးမြှင့်ပြီး မူလတန်းပြအဖြစ် စတင်ခန့်ထားပြီး နေရာလစ်လပ်မှုအရ အလယ်တန်းပြအဖြစ် ရာထူးတိုးမြှင့် ခန့်ထားပေးမည်ဖြစ်ပါသည်။

(ဈ) သင်တန်းကာလမှာ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၂ ရက်မှ ၂၀၀၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့ထိဖြစ်ပါသည်။

(ည) သင်တန်းကြေးကို တစ်လလျှင် ကျပ်၁၀၀၀ပေးသွင်းရပါမည်။

(ဋ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူကို ဦးစားပေးရွေးချယ်မည်။

၃။ အလယ်တန်းပြဆရာအဖြစ် သတ်မှတ်ထားသည့် လုပ်သက်ပြည့်မြောက်ပါက ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းဝင်ခွင့် အစီစဉ်အရ တက်ရောက်ခွင့်ရရှိမည်။

၄။ လူတွေ့နှုတ်ဖြေကို ၂၀၀၄ ခုနှစ် ဇွန်လ ၁၂ ရက်နေ့မှစ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများတွင် စစ်ဆေးဆောင်ရွက်မည် ဖြစ်ပါသည်။

၅။ လျှောက်ထားသူများသည် ပူးတွဲပါသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ပြုစုရေးသားဖြည့်သွင်းထားသော လျှောက်လွှာ(၃)စုံတွင် ၆ လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ (မျက်မှန်တပ်ဆင်သူ ဖြစ်ပါက မျက်မှန်နှင့် တစ်ပုံ၊ မျက်မှန်မပါ တစ်ပုံ) ကို ကပ်၍ (ပူးတွဲရမည့်အထောက်အထားများနှင့်အတူ) သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများသို့ ၂၀၀၄ ခုနှစ် မေလ ၂၆ ရက်နေ့ထက် နောက်မကျစေဘဲပေးပို့ရပါမည်။

ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ ၂၀၀၄ ခုနှစ် ဧပြီလ ၆ ရက်

၂၀၀၄-၂၀၀၅ ပညာသင်နှစ်
လုပ်ခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှုသင်တန်း
အမှတ်စဉ် (၁/၂၀၀၄) သင်တန်းဝင်ခွင့်လျှောက်လွှာ

၁။ လျှောက်ထားသူ၏ အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသား (သို့မဟုတ်) နိုင်ငံခြားသား စိစစ်ရေးကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ်..ခုနှစ် ....လ၊..................ရက်

၃။ (အပထ(က)အဆင့်/တက္ကသိုလ်ဝင်စာမေးပွဲ).........အောင်မြင်ခဲ့သည့် စာစစ်ဌာနနှင့်ပြည်နယ်/တိုင်း ....

၄။ ဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ.. အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့်ခုနှစ်..

၅။ အခြားသင်တန်းများသို့ လျှောက်ထားခြင်း ရှိ/မရှိ.................. ရှိပါက(သင်တန်းအမည်)..

၆။ အိမ်ထောင်ရှိ/မရှိ(ရှိပါက) ဇနီး/ခင်ပွန်းအမည်.................. နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်..

၇။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ.. ....

၈။ မူလတန်းပြဆရာအဖြစ် ခန့်ထားပါက ဒေသမရွေး တာဝန် ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ..

....
လျှောက်ထားသူလက်မှတ်

ရက်စွဲ၊ ၂၀၀၄ ခုနှစ်၊ ဧပြီလ ရက်

ဝမ်းမြောက်သာဓုခေါ်စေရန်

ပခုက္ကူမြို့ အမှတ်(၂)ရပ်ကွက် ဒေါင်းလှရပ်(နိဗ္ဗာန်လမ်း)နေ **"ဒေါ်ချစ်၏ နေနတ်သား ဆေးတိုက်"**ပိုင်ရှင် ဒေါ်တင်အုန်း မိသားစုနှင့် အနယ်နယ်အရပ်ရပ်မှ ဝယ်ယူသုံးစွဲကြသူများ၏ ရှင်သာမဏေ (၁၀၈)ပါး အလှူတော်မင်္ဂလာကို ၁၃၆၅ ခု နှောင်းတန်ခူးလပြည့်ကျော် ၃ ရက် (၇-၄-၂၀၀၄)ရက်တွင် ပခုက္ကူခရိုင် မြိုင်မြို့နယ် ကွမ်းတောရွာ၌ ကျင်းပပြီးစီးခဲ့ရာ အလှူတော်မင်္ဂလာ၌ ပြုလုပ်ခဲ့သမျှသော ကုသိုလ်ဒါနများကို အနယ်နယ်အရပ်ရပ်မှ **"ဒေါ်ချစ်၏ နေနတ်သားမန်းဆေး"**အား ဝယ်ယူသုံးစွဲကြသူများနှင့် ၃၁ ဘုံ ကျင်လည်ကုန်သော ဝေနေယျ သုခိတသတ္တဝါ အပေါင်းတို့အား ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာ ဖြစ်စေရန် အမျှပေးဝေအပ်ပါသည်။ အားလုံး သာဓုခေါ်ဆိုနိုင်ကြပါစေ။

ဒေါ်တင်အုန်း
"ဒေါ်ချစ်၏ နေနတ်သားဆေးတိုက်"
ပခုက္ကူမြို့။







လှည်းကူးမြို့နယ်၊ သစ်ခွရွာတွင် မြေလုပ်ပိုင်ခွင့်ရရှိသူများ သိစေရန်

လှည်းကူးမြို့နယ်၊ ရွှေနံ့သာ(ဘားလား) သစ်ခွရွာတွင် သစ်ခွစိုက်ပျိုးလုပ်ကိုင်ခွင့်ရသူများမှ သစ်ခွရွာ ဖွံ့ဖြိုးရေးအတွက် ပေးသွင်းရန်တာဝန်ရှိသော မြေဖိုး၊ လမ်းဖိုး၊ လျှပ်စစ်မီးဖိုးများအပြင် ထပ်မံကောက်ခံထားသော လျှပ်စစ်မီးဖိုးငွေများကို ၃၀-၄-၂၀၀၄ ရက်နေ့ နောက်ဆုံးထားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်)၊ ဖုန်း-၆၆၃၈၁၃ သို့ ပေးသွင်းရန်နှင့် စိမ်းလန်းစိုပြည်ရေးနှင့် သစ်ခွစိုက်ပျိုးရေးလုပ်ငန်းများကို ၃၁-၅-၂၀၀၄ ရက်နေ့ နောက်ဆုံးထားဆောင်ရွက်ကြပါရန် နှိုးဆော်အသိပေးအပ်ပါသည်။

သတ်မှတ်ရက်အတွင်း ငွေသွင်းခြင်းလုပ်ငန်းခွင်သို့ မဝင်ရောက်ခြင်းများ စစ်ဆေးတွေ့ရှိလျှင် သစ်ခွစိုက်ပျိုးရန် စိတ်ဝင်စားခြင်းမရှိဟု သစ်ခွရွာကော်မတီမှသတ်မှတ်ပြီး မြေလုပ်ပိုင်ခွင့်ကိုပါ တစ်ပါတည်း ရုပ်သိမ်းပြီးဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

သစ်ခွရွာဗဟိုကြီးကြပ်မှုကော်မတီ။

ဒေါ်အုန်းလှ (ကမာရွတ်-စံရိပ်ငြိမ်)
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာမြိုင်အိမ်ရာ၊ တိုက် ၁၊ အခန်း ၃၀၄ နေ (ဦးသင်း-ဒေါ်မေ)တို့၏သမီး၊ (ဦးသိမ်းမောင်)(ကင်းလုံနှင့်မြန်မာ့ညွှန့် စွပ်ကျယ်စက်)၏ဇနီး၊ ဦးတိုးအောင်(CEIE သ/မ ဦးစီး)-ဒေါ်ခင်လှရီ၊ ဦးစိန်ဝင်း (ရွက်လှ လက်ဖက်ရည်ဆိုင်)-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ခင်လှကြည်-ဦးထွန်းအေး၊ ဒေါ်စုစုခင်(ကျုံတာ၊ အလက)-(ဦးတင့်ဆွေ)၊ ဒေါ်ချိုချို-ဦးကျော်ဇော(MPPE)၊ ဒေါ်မြင့်မြင့်သိန်း-ဦးသိန်းမြင့်(ခေတ္တ-မလေးရှား)၊ ဒေါ်မြမြအေး (ဒဂုံတက္ကသိုလ်၊ သမိုင်းဌာန)၊ ဒေါ်မြမြထွေး (M.C.C ကမာရွတ်)-ဦးတိုးလွင်(GSO)တို့၏မိခင်၊ မညိုရီအောင်၊ Dr.ဇာရည်အောင် (အရှေ့ပိုင်းဆေးရုံ)၊ မောင်ကျော်ဇေယျာမင်း၊ မထူးထူးကျော်၊ မအက်စတာ၊ မစံစံတင့်၊ မောင်လင်းထက်အောင်၊ မဖြိုးသန္တာ၊ မဂျူးသက်သက်စံ၊ မောင်ဖွဲ့ဆက်ပိုင်တို့၏အဘွားသည် ၆-၄-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်ဖြစ်ပါကြောင်း။(တိုက် ၁၊ အခန်း ၃၀၄၊ ရတနာမြိုင်အိမ်ရာမှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးအောင်ဝင်းသိန်း
လက်ထောက်ညွှန်ကြားရေးမှူး (အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန) ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၅)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၅ လမ်း၊ အမှတ် ၈၊ အခန်း ၃/အေ နေ ဦးသိန်းမြင့်-(ဒေါ်လှကြည်)တို့၏သား၊ (ဦးမြအုံး)-ဒေါ်မြင့်မြင့်သန်းတို့၏သားသမက်၊ ဒေါက်တာနွဲ့နွဲ့ယဉ်(B.V.S)၏ခင်ပွန်း၊ မောင်အောင်နေခန့် [B.Sc. (Phy)၊ A.G.T.I (MP)]၊ မသီဂီနွဲ့အောင်(2nd Year, UCSY)တို့၏ဖခင်၊ ဦးသင်းဌေး (NMT Co., Ltd.)၊ တပ်ကြပ်ကြီးမောင်မောင်ကျော်(တပ်မတော်-ရေ)-ဒေါ်တင်တင်ဝေ၊ ဦးမျိုးသန့် (Managing Director,NMT Co.,Ltd.)-ဒေါ်တင့်တင့်၊ ဦးအေးမော်-ဒေါ်သီတာအုန်းတို့၏အစ်ကို၊ တူ တူမ လေးယောက်တို့၏ ဘကြီးသည် ၆-၄-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၄-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုင်းဟံကျော်ဖှာ့
(အဓိကစားသောက်ဆိုင်၊ ဖြူးမြို့)
အသက်(၃၆)နှစ်

ဖြူးမြို့၊ ဝဲဒေါင့်ရပ်နေ ဦးပန်းခိုင်-(ဒေါ်စိန်ခင်)(ခိုင်တည်းခိုခန်း)တို့၏သား၊ ပန်းချီမြတ်ဝင်းထိန်-ဒေါ်နန်းစန်းစန်းယု(နံပါတ်ဝမ်းစားသောက်ဆိုင်)တို့၏မောင်၊ ဦးစောဝင်း(စောဝေ)-ဒေါ်နန်းစန်းစန်းအေး (အဓိပတိ၊ ဖြူး) (အဓိပတိ စားသောက်ဆိုင်-တည်းခိုခန်း၊ ဖြူး၊ ရန်ကုန်)တို့၏မောင်၊ (ဦးစိုင်းဟံဇင်ဖှာ့)-ဒေါ်မူမူအောင်(လုံကဖေး)တို့၏ညီ၊ နန်းရတနာကျော်ဖှာ့(အီးတီ)၊ နန်းဇာနည်ကျော်ဖှာ့(အီးကေ)တို့၏ဖခင်၊ ဒေါ်နန်းနီနီအေး၏ ခင်ပွန်းသည် ၇-၄-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၀၄ ရက်တွင် ရေသျှုံကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးထွန်းရွှေ(ခ)စီဟောင်ဖူ
မြို့နယ်လဝကဦးစီးမှူး(ငြိမ်း) (လပွတ္တာမြို့)
အသက်(၇၈)နှစ်

လပွတ္တာမြို့၊ အမှတ် ၁၂၁၊ ကမ်းနားလမ်းနေ ဒေါ်အေးမြင့်၏ ခင်ပွန်း၊ ဦးမောင်ဟုတ်-ဒေါ်တူးတူး၊ ဦးမောင်မောင်-ဒေါ်သန်းသန်းအေး၊ ဦးကျော်အေးမြင့် - ဒေါ်လှဲလှဲ (ချမ်းမြေ့ဝင်း အထည်ဆိုင်၊ဗိုလ်ချုပ်ဈေး)၊ ဦးဇော်လင်းစိုး-ဒေါ်အေးပုတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၆-၄-၂၀၀၄ရက်(အင်္ဂါနေ့) ည ၁၀း၃၀ နာရီတွင် ဆာကူရာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၈-၄-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၆၆/စီ၊ ကမ်းနားလမ်း၊ အလုံ၊ ထော်လီကွေ့ ဓာတ်ဆီဆိုင်အနီး နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Nu Clare Thang Khan Niang
အသက်(၇၂)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့၊ စကောလမ်းရပ်ကွက်နေ (Pu Khoi Hau-Pi Hau Niang)တို့၏သမီး၊ (Pa Nang Suan)၏ဇနီး၊ (Nu Nem Go Cing-Pa Lian Suan)၊ (Pa Lian Za Thawn)-Nu Ning Khaw Dim၊ (Lt. Col. Zam Khan Thang)-Nu Hau Khan Niang တို့၏ ညီမ၊ Nu Niang Khan Hau - Dr. Pau Cin En၊ (Pa Thang Do Mang-Nu Go Ngaih Ciin)၊ Pa Thawn Cin Pau (ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့)-Nu Ning Ngaih Lun၊ Pa Dong Suan Kham (မြို့နယ်စာရင်းစစ်ရုံး၊ တီးတိန်မြို့)-Nu Cing Zam Niang၊ Tg. Thang Suan Khup၊ Nu Niang Zam Dim-Pa Mang Lian Sum၊ Nu Man Suan Cing-Pa Do Suan Mang၊ Tg.Hau Khan Khai၊ Syama Go Zam Cing (သူနာပြု၊ ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့)တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၆-၄-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၄-၂၀၀၄ရက် ညနေ ၃ နာရီတွင် နေအိမ်၌ဝတ်ပြုဆုတောင်းပြီး တီးတိန်မြို့ရှိ ခရစ်ယာန်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်ရွှေ (ဟသ်ာတ)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုခမ္မာလမ်း၊ သုမင်္ဂလာအိမ်ရာ၊ ခြံအမှတ် ၆၃-အေ နေ (ဦးဖိုးညာဏ်-ဒေါ်မယ်တင့်)တို့၏သမီး၊ ဦးမြတင်၏ဇနီး၊ ဒေါ်လှသန်းဦး၊ ဦးခင်မောင်သန်း (MD- Ray Shipping Enterprise Co., Ltd.)-ဒေါ်သီဂီနွယ်၊ဦးကြည်တိုး (လ/ထ ညွှန်ကြားရေးမှူး၊ စစ်ကိုင်းမီးသတ်)-ဒေါ်ဝင်းဝင်းတင်(လယ်/ပြ)၊ ဒေါ်ရင်ရင်တင် (မူ/အုပ်၊ မော်ကျွန်း)၊ ဦးစိုးမင်း(CREW Manager Ray Shipping)-ဒေါ်ဆုမြတ်နိုင်၊ ဒေါ်အေးအေးတင်(လယ်/ပြ၊ အင်းစိန်)၊ဦးကျော်ကျော်နိုင် (2/0)-ဒေါ်သန်းသန်းအေး၊ ဦးခင်လှိုင်(World Marine)-ဒေါ်စုစုတင်၊ ဦးဆန်းဝင်းအောင်(A/B World Marine)-ဒေါ်တင်မိုးခိုင်တို့၏ မိခင်၊ မြေး ၁၄ ယောက်တို့၏ ဘွားဘွားကြီးသည် ၆-၄-၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၄း၅၀ နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၀၄ ရက် (စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စတူဒီယိုတေးသံရှင်
ဆလိုင်းဆွန်ကျဲအို
ဦးစီးအရာရှိ၊ ပုသိမ်ငါးလုပ်ငန်းစခန်းတာဝန်ခံ
အသက်(၅၃)နှစ်

ဖလမ်းမြို့၊ ကျင်မွာလ်ရပ်ကွက်နေ ဦးဆန်းရိုလ်-(ဒေါ်ကြာနီးယာန်း)တို့၏သားကြီး၊ ဒေါ်ငွန်ကျဲရ်-ဦးထန်းတီလ်တို့၏ညီ/မောင်၊ ဦးဇုန်လိန်၊ ဦးထောင်းဇာအုပ် (အမက-ကျောင်းအုပ်)တို့၏အစ်ကို၊ မိုင်ဘွဲ့နွမ်သိန်း (1st Bot, Hons)၊ ဆလိုင်းဖွန်လျန်ထန်း(2nd Year, Geog)၊မိုင်ဘွဲ့နေမွေး(1st Year Match၊ ပုသိမ်တက္ကသိုလ်)၊ မိုင်ဘွဲ့နေရဲမ်(10th Standard)တို့၏ ဖခင်၊ ဒေါ်ကပ်နွမ်(ခ)နိုးနိုးကပ်၏ခင်ပွန်း၊ တူ တူမ ၁၆ ယောက်တို့၏ ဦးလေးသည် ၇-၄-၂၀၀၄ရက် ညနေ ၄ နာရီတွင် ပုသိမ်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ပုသိမ်မြို့ ခရစ်ယာန်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးမြင့်ဆွေ (Jack Bar Bar)
ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တော
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၃၂/၁၃၄၊ ၄၇ လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (သီရိပျံချီ ဦးဘာဘာ-ဒေါ်ကတိုး)တို့၏သား၊ (ဒေါ်ခင်သန်းလှ၊ ဒေါက်တာပြေငြိမ်းအေး)တို့၏ခင်ပွန်း၊ ဦးညိမ်းဝေ(Bryan)-ဒေါ်ယဉ်ကြူ(Blossom)၊ ဦးလှမြင့်(Micky)-ဒေါ်ခင်မျိုးထွဋ်(စီစီ)၊ (ဦးစန်းမြင့်)(Peter)-ဒေါ်နီလာမြ၊ ဒေါ်ဆွေဆွေလှ-ဒေါက်တာစိုးကျော်၊ ဒေါ်မြင့်မြင့်သန်း-ဦးဇာနည်၊ ဒေါ်ထိုက်နှင်းဆွေ-ဦးဇော်တင့်(ကြွေ/မြေ)တို့၏ဖခင်၊ ဒေါ်သက်နှင်းဆွေ-ဦးနေမျိုးအောင်၊ မအိအိစိုးကျော်(MC II)၊ မောင်ဒေးဒေးစိုးကျော်နှင့်မြေးကိုးယောက်၊ မြစ် ၁၁ ယောက်တို့၏အဘိုးသည် ၇-၄-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅ နာရီတွင် အကယ်ဒမီအထူးကုဆေးခန်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

၁၃-၄-၂၀၀၄ရက် (အင်္ဂါနေ့)တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ကြပါရန်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်တင်
အသက်(၇၅)နှစ်

(ဦးကျော်ညွှန့်-ဒေါ်လုံး)တို့၏သမီး၊ (ဦးကျော်ငြိမ်း-ဒေါ်ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ ဗဟန်းမြို့နယ်၊ ရေတာရှည် လမ်းသစ်၊ တိုက် (A)၊ အခန်း ၅၀၆ နေ ဦးတိုး၏ဇနီး၊ ဦးစိန်စိုးလွင်-ဒေါ်စန္ဒာတိုး၊ ဦးခင်မောင်နီ-ဒေါက်တာဥမ္မာတိုး၊ ဦးလွင်ဦး(UNA IDS)-ဒေါ်အေးအေးမြင့်တို့၏မိခင်၊ မောင်မင်းခန့်၏ အဘွားသည် ၆-၄-၂၀၀၄ရက် ညနေ ၅း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ရက် နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၀၄ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဗိုလ်မှူးညွှန့်ဟန် (ငြိမ်း)
ဗိုလ်သင်တန်းအပတ်စဉ်(၃၉)
အသက်(၆၆)နှစ်

ပဲခူးမြို့၊ ခရွဲရွာနေ (ဦးအုန်းမောင်-ဒေါ်စိန်မေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးထင်ပေါ်)-ဒေါ်တင်ကြည်တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ယုဇနမာလာလမ်း၊ အမှတ် ၁၅၆/၂ နေ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ဦးဇော်ဦးဟန်(ပြည်နယ်မန်နေဂျာ၊ဆက်သွယ်ရေး၊ကျိုင်းတုံ)-ဒေါ်မေထိုက်အောင်၊ (ဒုဗိုလ်မိုးခိုင်ဟန်)၊ မောင်မိုးလွင်ဟန်၊ မောင်သူရဟန်-မနှင်းနှင်းဖြိုး၊ မောင်စိုးရ-မစမ်းသီတာဟန်၊ မသင်းမြသဇင်ဟန်(နောက်ဆုံးနှစ်၊ စီးပွားရေးတက္ကသိုလ်၊ ရွာသာကြီး)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၆-၄-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်အေးကြည်(ခ) ဟလီမာဘီဘီ
အသက်(၁၀၄)နှစ်

မန္တလေးမြို့နေ (ဦးဟာရှင်၊ ငွေစာရင်းကိုင်ချုပ်)၏ဇနီး၊ရန်ကုန်မြို့၊အမှတ် ၂၇၊ (မြေညီထပ်)၊ ၂၈ လမ်းနေ ဟာဂျီဦးသိန်းရွှေ (ကျန်းမာရေးဦးစီးဌာန)-ဒေါ်လှလှ(မြသက်နှစ်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ (ဦးခင်မောင်၊ တွဲဖက်အတွင်းရေးမှူး၊ ကျောက်မျက်ရတနာဌာန)-ဒေါ်ခင်ခင်၊ဒေါ်ရွှေရွှေ(မင်းမဟော်မူကြို)၊ (ဦးမောင်မောင်မြ၊ ကထိက၊ သတ္တဗေဒဌာန၊ မန္တလေးတက္ကသိုလ်)၊ ဦးညီညီ(2rd Mate F-G)-ဒေါ်မော်လီ (ဌာနခွဲမှူး။ သိပ္ပံနှင့်နည်းပညာဌာန)၊ ဦးမောင်မောင် (ပါမောက္ခ၊ ဌာနမှူး၊ ရူပဗေဒဌာန၊ မကွေးတက္ကသိုလ်)တို့၏ မိခင်၊ မြေး ၁၂ ယောက်၊ မြစ် ၁၁ ယောက်တို့၏အဘွားသည် ၇-၄-၂၀၀၄ ရက် ညနေ ၄း၄၆ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၈-၄-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးကျော်စိုးအောင်(အယ်ဒီ)
ဒု-ဦးစီး၊ ပတခ၊ မရမ်းကုန်းမြို့နယ်
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်၊ ၁၁ လမ်း၊ အမှတ် ၇၇/၇၉ နေ (ဦးမောင်မောင်ညွှန့်-ဒေါ်ခင်လှသွင်)တို့၏သား၊ ဒဂုံ(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ ၆၇၁၊ စောလှဘော်လမ်းနေ ဦးခင်မောင်ထွန်း-ဒေါ်သန်းရီတို့၏သားသမက်၊ဒေါက်တာသန်းဦး(မိခင်နှင့်ကလေး၊ ဗဟို)-ဒေါ်ခင်အေးသန့်(MANA)၊ ဒေါက်တာမောင်မောင်အေး (မေ့ဆေးဆရာဝန်၊ ရန်ကုန်ဆေးရုံကြီး၊ အရေးပေါ်ခွဲစိတ်ခန်း)-ဒေါ်တင်တင်ရီ၊ ဦးအောင်လွင်-ဒေါ်ခင်အေးအေးမြစ်(လ/ထ ဌာနမှူး၊ အင်၊ ယာ၊ အုံ၊ မြို့တော်စည်ပင်)တို့၏ညီ/မောင်၊ အမှတ် ၃၃၊ မန္တလေးလမ်း (တ-လွှာ)၊မင်္ဂလာတောင်ညွှန့်မြို့နယ်နေ ဒေါ်ခိုင်သဇင်ထွန်း(ပတခ၊ စ/သ)၏ခင်ပွန်း၊ မမြမျက်သွယ်အောင် (တောင်ညွှန့်-၃)၏မွေးသဖခင်၊ တူ တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၆-၄-၂၀၀၄ရက် ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဗိုလ်မှူးညွှန့်ဟန် (ငြိမ်း)
ဗိုလ်သင်တန်းအပတ်စဉ်(၃၉)
အသက်(၆၆)နှစ်

ပဲခူးမြို့၊ ခရွဲရွာနေ (ဦးအုန်းမောင်-ဒေါ်စိန်မေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးထင်ပေါ်)-ဒေါ်တင်ကြည်တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ယုဇနမာလာလမ်း၊ အမှတ် ၁၅၆/၂ နေ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ ပဲခူးမြို့နေ ဦးထွန်းကြည်-ဒေါ်ဝက်တို့၏မောင်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံ စက်မှုဇုန်နေ ဦးမြင့်နွယ် (အောင်မျိုးနွယ် သံပန်း၊ သံတံခါး)-(ဒေါ်ကြင်ဟုတ်)၊ ဦးဝင်းတင် (တိုင်းတရားသူကြီး၊ ပဲခူး)-ဒေါ်တင့်မော်၊ (ဦးအောင်သန်းထွန်း) - ဒေါ်ခင်နှင်းမူ၊ ဦးကျော်ဆွေဝင်း (E/O New Asia Shipping)-ဒေါ်ခင်သက်မူ (အလပြ၊ ငြိမ်း)၊ ဦးအောင်မျိုးလွင်-ဒေါ်နုနုဝင်းတို့၏အစ်ကိုသည် ၆-၄-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်နှင်းမာ
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်)
အသက်(၅၂)နှစ်

(ဦးကြင်)-ဒေါ်ကြည်ကြည်တို့၏သမီး၊ ဦးညွှန့်လှိုင် (ကြည့်မြင်တိုင်)-ဒေါ်စိန်စိန်တို့၏သမီးချွေးမ၊ တာမွေမြို့နယ်၊ ဖျိုင်းရေအိုးစင်ရပ်ကွက်၊ ဈေးလမ်း၊ အမှတ် ၅၂၊ သုံးလွှာနေ ဦးတင့်လွင်၏ဇနီး၊ မစုသက်နှင်း၊ မောင်အာကာတင့်လွင်(X၊ အထက-၃၊ တာမွေ)တို့၏မိခင်၊ ဦးသန်းဦး-ဒေါ်ရိဝိနာဟိန်၏ညီမ၊ ဒေါ်စိုးစိုးတင်(အထက-၃၊တာမွေ)၏အစ်မ၊ မဆွေရည်ဦး(ခ)ဇူဆန်ဟိန်း၏အဒေါ်သည် သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ၆-၄-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထီမောင်
အငြိမ်းစားကျောင်းဆရာကြီး (အထက-၁၊ချောက်မြို့) ဥက္ကဋ္ဌ(ငြိမ်း)၊ချောက်မြို့နယ်တရားသူကြီးအဖွဲ့ နာယက၊ချောက်မြို့နယ်အသင်း၊ နာယက၊တောင်တွင်းကြီးမြို့နယ်အသင်း
အသက်(၉၀)

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ဇာနည် ၁၃လမ်း(အထက်)၊ အမှတ် ၄၆၈ နေ ဦးစောလှိုင် (လက်ထောက်ညွှန်မှူး၊ငြိမ်း၊စက်မှုလယ်ယာ)၏ အစ်ကို၊ (ဦးဘိုးရှင်-ဒေါ်ထားမေ)တို့၏သား၊ (ဒေါ်ယုယု)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ (ဦးအေးမောင်-ဒေါ်ခင်သိုက်)၊ တောင်တွင်းကြီးမြို့၊ မောင်းတိုင်ရပ်နေ ဦးဘတင်-ဒေါ်ညွှန့်ညွှန့်ရင်၊ အင်းတိုင်မြို့နေ(ဦးကံကြီးမောင်)-ဒေါ်ညိုညိုတို့၏ အစ်ကိုကြီး၊ ဒေါက်တာဦးသန်းတင်အောင် (ပါမောက္ခ/ဌာနမှူး၊ မေ့ဆေးပညာဌာန၊ မြောက်ဥက္ကလာပဆေးရုံကြီး) - ဒေါက်တာဒေါ်ဆွေဆွေဝင်း (အထူးကုဆရာဝန်ကြီး၊ စိတ်ကျန်းမာရေး၊ ပဲခူးပြည်သူ့ဆေးရုံကြီး)၊ ဦးမောင်မောင်ဌေး(တရားရုံးချုပ်ရှေ့နေ)-ဒေါ်တင့်တင့်လှိုင်(တရားရုံးချုပ်ရှေ့နေ)တို့၏ဖခင်၊ မအိသူဇာအောင် (3rd MB, IM 1)၊ မောင်အောင်သူရိန်ဝင်း (VIII C, TTC)၊ မောင်စည်သူဟိန်း (1st MB,IM 1)တို့၏ဘိုးဘိုးသည် ၆-၄-၂၀၀၄ရက် ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်မေသိန်း(ခ)ဒေါ်သိန်းသိန်း
(ဖျာပုံမြို့)
အသက်(၈၈)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၅၊ အခန်း ၇ နေ (ဦးဘိုးထွန်း-ဒေါ်စောတင်)တို့၏သမီး၊ ဒေါ်မူမူသန်း၊ဦးတိုးအောင်(KODAK Co) RUTH ၊ ဒေါက်တာဦးသိန်းဦး-ဒေါ်စုစုသန်း၊ ဦးခင်မောင်မြင့်-ဒေါ်နွယ်နီသန်း(ဟိုတယ်/ခရီး)တို့၏မိခင်၊ မောင်မျိုးသိန်းဦး၊ မအေးမြဦး၊ မအေးဥမ္မာအောင်၊ မောင်ထွန်းလင်းအောင်တို့၏ ဘွားဘွားကြီးသည် ၇-၄-၂၀၀၄ရက် နံနက် ၃ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၉-၄-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်လှညွှန့် (ခရမ်း)
အသက်(၇၉)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ အမှတ် ၃၂၇၊ သုမန ၁ လမ်း၊ (၅) ရပ်ကွက်နေ ဦးသိန်းလှိုင်-ဒေါ်ခင်ငြိမ်း၊ ဦးဝင်းဌေး-ဒေါ်စန်းမြင့်၊ မသန်းသန်းဦး၊ ဦးတရုတ်ကြီး(ခ)ဦးသိန်းနိုင်-ဒေါ်ခင်ဝင်းတို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၆-၄-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၈-၄-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ဝင်းဗိုလ်
(တာမွေ)
အသက်(၂၇)နှစ်

မော်လမြိုင်မြို့နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊အမှတ် ၃၀(ပထမထပ်)နေ ဦးအောင်စိန်-ဒေါ်မိုးတို့၏သား၊ ဦးတင်အေး-ဒေါ်သက်သက်ဝင်းတို့၏ သားသမက်၊ ဦးကျင်လျံ-ဒေါ်ခင်စိန်၊ ဒေါ်သန်းမြင့်၊ ဦးသန်းထွန်း-မချိုချိုအေး၊ ဦးထွန်းစိန်-ဒေါ်ခင်သန်း၊ မစန်းဝင်းတို့၏ညီ/မောင်၊ မောင်နေလင်းထွန်း-မမြင့်မြင့်အေး၊ မောင်ထွန်းအေးတို့၏အစ်ကို၊ မဝင်းပပ၏ခင်ပွန်း၊ မအိတုံ၏ဖခင်သည် ၅-၄-၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ရေကန်ဒါယိကာမကြီး
ဒေါ်စံရီ (မန္တလေး)
ကျော်ကျော်အေး-ကျော်ကျော်အောင် နိဗ္ဗာန်ကုန်ဆိုင် ရွှေတိဂုံဘုရားအရှေ့မုခ်၊ဗဟန်း
အသက်(၈၈)နှစ်

ခြံအမှတ် ၄၄(B)၊ ဗဟန်းအုတ်လမ်းနေ (ဦးစိုးမြင့်)၏ဇနီး၊ ဒေါ်သိန်းကြွယ်၏အစ်မ၊ မန္တလေးမြို့နေ ဦးဒေဝ-ဒေါ်တင်အေး၊ ဒေါ်ခင်ညွှန့်၊ ဦးတင်လှ-ဒေါ်မမလေး၊ ဒေါ်စန်းရင်၊ ဒေါ်စန်းခင်၊ ရန်ကုန်မြို့နေ ဦးအောင်သူ(မြန်မာ့အသံ၊ ငြိမ်း)-ဒေါ်မော်မော်စိုး၊ ဦးဇော်ဝင်း-ဒေါ်တင်နိုင်ထွန်း(ဆေး-၁)၊ ဒေါ်တင်တင်ဌေး၊ ဒေါ်အေးအေးထွန်း၊ ဒေါ်ညိုညိုထွန်း (ကထိက၊ သတ္တဗေဒဌာန၊ မန်းတက္ကသိုလ်)၊ ကိုသက်နိုင်ထွန်း၊ ဦးကျော်ကြီး-ဒေါ်တိုးအောင်၊ ဦးဇော်မင်း-ဒေါ်လှိုင်လှိုင်စိုး(သိမ်ကြီးဈေး E ရုံ)၊ မခင်ညွှန့်၊ ကိုအုန်းမြင့်၊ ကိုမြင့်အောင်-မမာမာအေးတို့၏အဒေါ်၊ ဦးအောင်ဝင်း-ဒေါ်ဆွေဆွေဝင်း(ရွှေအုန်းသီး နိဗ္ဗာန်ကုန်ဆိုင်၊ ရွှေတိဂုံဘုရား)၊ ဦးဝင်းမြင့်ထွန်း-ဒေါ်ရီရီစံ(ကြင်ကြင် နိဗ္ဗာန်ကုန်ဆိုင်၊ ရွှေတိဂုံဘုရား)၊ ဦးခင်မောင်ညွှန့်-ဒေါ်မိမိကျော်၊ ကိုသူရ-မကေသီခိုင်၊ မြေး ၂၅ ယောက်၊ မြစ် ၂၀ယောက်တို့၏အဘွား၊ ဒေါ်နုနုစိုး၏မိခင်သည် ၆-၄-၂၀၀၄ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၄-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မိတ်ဆွေများတိုးတက်ဖွံ့ဖြိုးရေးအသင်း ရာသက်ပန်အသင်းဝင်
ဦးမျိုးသန့်
အသက်(၄၉)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ (ဓ) ရပ်ကွက်၊ ဥဒ္ဒနာ ၂ လမ်း၊ အမှတ် ၂၅၇ နေ ဒေါ်ဌေးဌေး(အထက-၄၊ မ/ဥက္ကလာ)၏ခင်ပွန်း၊ ဦးမျိုးသန့်(စာရင်းစစ်မှူး၊ မှော်ဘီမြို့နယ်စာရင်းရုံး)သည် ၆-၄-၂၀၀၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၈-၄-၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးအောင်ဝင်းသိန်း
လက်ထောက်ညွှန်ကြားရေးမှူး(စစစ) ဒုရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၅)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၅ လမ်း၊ အမှတ် ၈၊ အခန်း ၃-A နေ ဦးသိန်းမြင့်-(ဒေါ်လှ ကြည်)တို့၏သား၊ (ဦးမြအုန်း)-ဒေါ်မြင့်မြင့်သန်းတို့၏သားသမက်၊ ဦးသန်းထွေး (Sunflower Co., Ltd.)-ဒေါ်ခင်နိုင်ထွေးတို့၏တူ၊ ဦးမြသိန်း(ဆလရ) - ဒေါ်ခင်အေးမြင့်၊ ဦးစန်းအောင်(MICS)-ဒေါ်မမခိုင်တို့၏ညီ၊ဦးခင်မောင်ဝင်း-ဒေါ်ဥမ္မာညွှန့်(MICS)၊ ဦးအောင်နိုင်၊ ကိုထင်ကျော်-မသက်သက်၊ ကိုမျိုးသန့်(ဆလရ)တို့၏အစ်ကို၊ ဒေါက်တာနွဲ့နွဲ့ယဉ်(B.V.S)၏ခင်ပွန်း၊ မောင်အောင်နေခန့်၊ မသီဂီနွဲ့အောင်တို့၏ဖခင်သည် ၆-၄-၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်နီလာဦး
အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၈၃၇(ဂ)၊ မာဂလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးတင်ဦး-ဒေါ်ခင်ထွေး)တို့၏သမီး၊ (ဦးစိုးအောင်)-ဒေါ်မြင့်မြင့်သိန်းတို့၏သမီးချွေးမ၊ ဦးဝင်းနိုင်ဦး၏ဇနီး၊ မောင်ဝင်းမောင်ထွန်း-ဆောင်းဝတ်ရည်နှင်း၊ ကောင်းထက်ဇော်တို့၏မိခင်၊ မဆုဝတ်ရည်နှင်း၏အဘွားသည် ၆-၄-၂၀၀၄ရက်တွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ရှင်ထွေး (မြိတ်မြို့)
အသက်(၉၃)နှစ်

မြိတ်မြို့၊ အလယ်ကျွန်းရပ်နေ (ဦးအောင်ခိုင်-ဒေါ်သင်းခြံ)တို့၏သမီး၊ (ဦးမောင်မောင်)၏ဇနီး၊ သားသမီး ရှစ်ယောက်တို့၏မိခင်၊ မြေး ၅၉ ယောက်၊ မြစ် ၅၀ တို့၏ အဘွားသည် ၄-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၄-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကလွင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ဟန် (မြိတ်မြို့)
အသက်(၈၉)နှစ်

မြိတ်မြို့နယ်၊ သမုတ်ကျေးရွာနေ (ဦးဘိုးလွန်-ဒေါ်စိန်လွဲ)တို့၏ သမီး၊ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ တိုက် ၃၀၊ အခန်း ၂၂၊ သုနန္ဒာလမ်းနေ (ဦးရှိန်)၏ဇနီး၊ ဦးကြူစိန်-ဒေါ်သန်းအေး၊ (ဦးကြူဝင်း)-ဒေါ်လှအေး၊ (ဦးကြူလွန်း)-ဒေါ်ကြည်ပို၊ ဦးယူကီး-ဒေါ်ဝါဝါ၊ဒေါ်လေးဝါ(တွဲဖက်ပါမောက္ခ၊ မြိတ်တက္ကသိုလ်)၊ (ဦးကြူဝေ)-ဒေါ်စန်းညွှန့်၊ ဦးမြင့်ထွေး-ဒေါ်ကျင်မြတို့၏မိခင်၊ မြေး ၂၈ ယောက်၊ မြစ် ၁၂ ယောက်တို့၏ အဘွားသည် ၇-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်ဒါယိကာမကြီး
ဒေါ်ကျင်မွေး (လက်ပံတန်း)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အမှတ် ၇၉ (စတုတ္ထလွှာ)နေ (ဦးရာဟိုး)၏ဇနီး၊ ဦးတင်နိုင်-ဒေါ်ရှုလွမ်၊ လက်ပံတန်းမြို့နေ ဦးမြင့်ထွန်း-ဒေါ်ရွှေဝါ၊ ဦးကင်တင်-ဒေါ်မွေလန်းတို့၏မိခင်၊ မဖြူလှဲ့နိုင် (ဆေးဝါးကျွမ်းကျင်၊ နောက်ဆုံးနှစ်)၊ မပြည့်ဖြိုးနိုင်[ဆေးတက္ကသိုလ်-၁၊အပိုင်း(က)]တို့၏အဘွား၊ မြေးခုနစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၇-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်ပါ၍ ၉-၄-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pi Awi Za Nem
အသက်(၅၈)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၇)ရပ်ကွက်၊ တော်ဝင်လမ်း၊ အိမ်အမှတ် ၁၅၇ နေ U. Cin Theih Thang ၏ဇနီး၊ U Gin Sian Pau-Daw Huai Za Man၊ Tg. Hum Khan Langh၊ Tg.Thang Lam Cin (T.L.Cinpi F.G.A)၊ Daw Niiang Zam Khoi-U Hau Khan Khual၊ Daw Gin Za Lun-U Cin Thang (Pinpih)၊ Daw Dim Man Cing-U Kam Do Thang၊ Daw Awi Khan Uap-U Cin Do Lian တို့၏မိခင်၊ Tg. Thang Tuan Mung-Tg. Hau Lian Kham-Tg.Dim Sian Khual နှင့် မြေး ၂၅ ယောက်တို့၏ အဘွားသည် ၇-၄-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၄-၂၀၀၄ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပါမည်။(ကားများကို အထက်ပါနေအိမ်နှင့် Full Gospel Assembly အသင်းတော်မှ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ချင်ငှက်ကြူး(ခ)
မောင်ဉာဏ်လင်းအောင်
အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၉၀ ၊ မဟာဗန္ဓုလလမ်း(ပထပ်)၊လသာမြို့နေ ဦးချင်စီချွန်-ဒေါ်ထွေးငှတ်တို့၏ သားကြီး၊ မောင်ချင်ငှက်ဖုန်၊ မောင်ချင်ငှက်နန်းတို့၏အစ်ကိုသည် ၆-၄-၂၀၀၄ရက် ည ၈း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၈-၄-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

8-4 (19).p65 1 3/24/05, 11:15 PM



ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်း ဝိကာသနိကုန်းတော်တွင် အေးရှားဝေါ(လ်)ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသော ရွှေတိဂုံပုံတူစေတီတော် တည်ဆောက်မှုအခြေအနေကို ဤသို့တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်)

ရွှေတိဂုံပုံတူ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်းအတွင်းတည်ထားလျက်ရှိ

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်

ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်

ရန်ကုန် ဧပြီ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်ရာ နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်၏ဘဏ္ဍာငွေမှ ကျပ်သန်းပေါင်းများစွာအကုန်အကျခံကာ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိနေသည်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏လမ်းညွှန်မှုဖြင့် ပြည်ထောင်စုကြီး စတင်မွေးဖွားသန့်စင်ရာ ပင်လုံဒေသကိုလည်း ကြွင်းကျန်နေခြင်းမရှိရအောင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများသာမကဘဲ ဒေသတွင်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များ ကြည်ညိုသဒ္ဒါပွားများနိုင်စေရန်နှင့် ဗုဒ္ဓ၏သာသနာတော်ကြီး နောင်အရှည် တည်တံ့ထွန်းကားပြန့်ပွားနိုင်စေရန် ရည်သန်၍ **စာမျက်နှာ ၁၁ ကော်လံ ၂** ■

ရောဝတီမြစ်ဝှမ်းအထက်ပိုင်းရှိ ရေအားလျှပ်စစ်စီမံကိန်းငါးခုအနက် မူးမြစ်ပေါ်၌တည်ဆောက်ခဲ့သည့် မဂ္ဂါဝပ် ၃၀ အင်အားရှိ သဖန်းဆိပ် ရေအားလျှပ်စစ်စက်ရုံကို ဤသို့ တွေ့ရသည်။

ရွှေ့ မြစ်များပေါ်မှ ရွှေအလင်းရောင်စီမံကိန်းကြီးများ

သတင်းဆောင်းပါး-ဦးဇော်၊ ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

ရန်ကုန် ဧပြီ ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ်ပေါ်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်နှင့် နမ့်ခမ်းမြို့နယ် ရွှေလီမြစ်ပေါ်၌တည်ဆောက်နေသည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း၌ သွားရောက်ခဲ့သည်။ အဖွဲ့ဝင်အဖြစ် ဆောင်းပါးရှင်လည်းပါခဲ့သဖြင့် ယင်းစီမံကိန်းများကို လေ့လာခွင့်ရရှိခဲ့သည်။ ရွှေစာရေးသည် မဂ္ဂါဝပ် ၆၀၀ ကျော်၊ ရွှေလီသည် မဂ္ဂါဝပ် ၄၀၀ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းများဖြစ်ရာ တိုင်းပြည်၏အဓိကအရေးပါသော စီမံကိန်းကြီးများပင်ဖြစ်သည်။ **စာမျက်နှာ ၅ ကော်လံ ၁** ●

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ပျဉ်းမနားမြို့ အရှေ့ဘက် ၁၁ မိုင်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက လယ်မြေဧက ၃၅၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၉၁၁ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ယနေ့ထုတ်စောင်ရေ- ၂၀၀၈၅၉

မြန်မာ့ရိုးရာမဟာသင်္ကြန်မှာ ပျော်ပျော်ပါးပါးရေကစားပါ သို့သော် သင့်ကြောင့် မြန်မာ့ရိုးရာသင်္ကြန် အကျည်းမတန်ပါစေနှင့်

သတင်းဆောင်းပါး-သုအောင်၊ ဓာတ်ပုံမှတ်တမ်း-ထွေးကြည်(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၇

'ဘေးမသီရန်မခဘဲ သင်ပြန်အလာကို သင့်မိသားစုက စောင့်မျှော်နေပါတယ်'

ခရီးသည်တင်ဘတ်(စ)ကားယာဉ်မောင်း၏ရှေ့ဘက် မြင်သာသောနေရာတွင် တွေ့ရသည့် သတိပေးစာတန်းလေးပင်ဖြစ်သည်။ ခရီးသည်အားလုံး၏အသက်အန္တရာယ်သည် ယာဉ်မောင်း၏လက်ထဲတွင်ရှိပေသည်။ ယာဉ်မောင်းဟူသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားမလည်၍ **စာမျက်နှာ ၁၃ ကော်လံ ၁** ▼

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ